www.burmeseclassic.com

TEXT RIVER
PUBLISHING HOUSE

သံအမတ်ကြီး

BURMESE CLASSIC .com

# ဦးတင့်ဆွေ

# ဒီမိုကရေစီ စိတ်ထား



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

စာနဒီစာအုပ် (၅)

# ဒီမိုကရေစီ စိတ်ထား

သံအမတ်ကြီး
ဦးတင့်ဆွေ

TEXT RIVER
PUBLISHING HOUSE

အမှတ် – ၁၂၊ မြေညီထပ်၊ အာရှပလာဇာ
ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်။
ဖုန်း–၀၉၅၀၇ ၁၁၉၇၊ ၅၅၂၁၃၁

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူ ခွင့်ပြုချက်အမှတ် | ■ ၃၁၀၁၃၀၁၁၁၀ |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ■ ၃၁၀၁၃၃၁၁၁၀ |
| ထုတ်ဝေသူ | ■ ဦးမျိုးမြင့် (စာနဒီစာအုပ်တိုက်)၊ ၁၄၀၉ (ယာယီ)၊ အခန်း (၁၂)၊ မြေညီထပ်၊ အာရှပလာဇာ။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ Color Zone Press |
| မျက်နှာဖုံးနှင့် အတွင်းပန်းချီ | ■ ဗဂျီလင်းဝဏ္ဏ |
| မျက်နှာဖုံးကာလာခွဲ | ■ Eagle |
| အတွင်းဖလင် | ■ A7 Group |
| ပထမအကြိမ် | ■ ၁၉၄၆ ခုနှစ် |
| ဒုတိယအကြိမ် | ■ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | ■ ၁၀၀၀ |
| တန်ဖိုး | ■ ၇၀၀ ကျပ် |

၃၂၀

တင်ဆွေ၊ ဦး၊ သံအမတ်ကြီး

ဒီမိုကရေစီစိတ်ထား / သံအမတ်ကြီးဦးတင်ဆွေ။ – ရန်ကုန်၊

စာနဒီစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၀။

စာ–၆၈၊ ၁၂.၇၅ × ၁၈ စင်တီ

(၁) ဒီမိုကရေစီစိတ်ထား


BURMESE CLASSIC .com



ဦးတင်ဆွေ

B.A., B.L., D.T.,

(Exeter), F.R.H.S.

(သီဟိုဠ် နိုင်ငံဆိုင်ရာ

မြန်မာသံအမတ်ကြီး)

အဖ စာတော်ပြန်ဝန်ထောက်မင်း ဦးဘိုးဖြူ၊ အမိ ကဝိမျက်မှန် စာပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်အေးမေတို့မှ ဦးတင်ဆွေကို ၁၉၀၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ကို ၁၉၃၀ ပြည့်နှစ်နှင့် ဘီအယ်လ်ဘွဲ့ကို ၁၉၃၃ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၃၅ – ၃၇ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ၌ ပညာသင်ကြားခဲ့ပြီး၊ D.T နှင့် F.R.H.S တို့ကို Exeter University မှ ရရှိခဲ့သည်။ ကျေးလက်ပညာရေးအတွက် Scotland, Wales, Irelend၊ ပြင်သစ်၊ ဂျာမနီ၊ ဘဲလ်ဂျီယံ၊ ဟော်လန်၊ ဒင်းမတ်၊ နော်ဝေးနှင့် ဆွီဒင်နိုင်ငံများသို့ လှည့်လည်လေ့လာခဲ့သည်။ ၁၉၃၇ မှ ၄၀ ပြည့်နှစ်အထိ မန္တလေး နော်မန်ကျောင်းအုပ်ကြီး အဖြစ် ဆောင်ရွက်ခဲ့သည်။

စာနဒီ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀–၄၁ ခုနှစ်တွင် သတင်းနှင့် သတင်းဖြန့်ချိရေး ဝန်ကလေးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်၏ အတွင်းရေး အတွင်းဝန်အဖြစ်လည်းကောင်း၊ ပြန်ကြားရေး၊ ဝါဒဖြန့်ချိရေး နှင့် သာသနာရေးဝန်ကြီးဌာန၏ အတွင်းဝန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၂–၄၄ ခုနှစ် ဂျပန်ခေတ်အတွင်း ဒေါက်တာ ဘမော်၊ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ သည်။ ၁၉၄၅ – ၄၈ ခုနှစ်အတွင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ သော BURMAN သတင်းစာကို စတင်တည်ထောင် ထုတ်ဝေခဲ့သူ ဖြစ်သည်။ ၁၉၄၅ – ၄၉ ခုနှစ်အတွင်း မြို့မအမျိုးသားကျောင်းတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံဆိုင်ရာ သီဟိုဠ်သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ၈ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၅၃ ခုနှစ်၊ ဖွန်လ ၁၆ ရက်နေ့တွင် သီဟိုဠ်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်ခဲ့သည်။

## မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၉ |
| ၂။ | ဒီမိုကရေစီ သဘော | ၁၁ |
| ၃။ | စည်းကမ်းဥပဒေနှင့် တာဝန် | ၁၅ |
| ၄။ | မဲ၏တန်ဖိုး | ၂၀ |
| ၅။ | ကိုယ်တင်သည့် စစ်ကဲ | ၂၈ |
| ၆။ | ပတ်မကြီး ဖောက်မပစ်ပါနှင့် | ၃၃ |
| ၇။ | လူကြီးနေရာ | ၃၉ |
| ၈။ | လွတ်လပ်စွာ စဉ်းစားခွင့် | ၄၄ |
| ၉။ | လွတ်လပ်စွာ ပြောဆိုခွင့် | ၄၈ |
| ၁၀။ | လွတ်လပ်စွာ ရေးသားခွင့် | ၅၅ |
| ၁၁။ | လွတ်လပ်စွာ ပြုလုပ်ခွင့် | ၅၉ |
| ၁၂။ | ဒီမိုကရေစီ၏ အရသာ | ၆၄ |


www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကို မသိတတ်သူများ၏ လက်ထဲသို့ ဒီမိုကရေစီ နည်းစနစ်တစ်ခု ထည့်လိုက်ပါလျှင်၊ ထိုဒီမိုကရေစီ နည်းစနစ်သည် အညံ့စား အလကား ဒီမိုကရေစီ ဖြစ်သွားပေလိမ့်မည်။ အမှန်ဆိုသော်၊ တာဝန်ကို မသိလျှင် ဒီမိုကရေစီနည်းကို အသုံးမပြုနိုင်။ ပြုလျှင်လည်း အကျိုးမရှိဘဲ အကျိုးယုတ်လိမ့်မည်။

*ဒီမိုကရေစီစိတ်ထား။ စာ ၁၇ မှ။*

## နိဒါန်း

ယခုအခါ မြန်မာနိုင်ငံတွင် အသင်းအပင်းများကို ပြန်လည်တည်ထောင်လျက် ရှိကြလေပြီ။ အဖွဲ့အသီးသီးကိုလည်း ပြန်လည်ဖွဲ့စည်းလျက် ရှိကြလေပြီ။ အသင်းအစည်းအဝေး၊ အဖွဲ့အစည်းအဝေး၊ ရပ်ရွာအစည်းအဝေး၊ နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးများကိုလည်း ကျင်းပလျက် ရှိနေကြလေပြီ။ မကြာမီအတောအတွင်း နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများ၊ နယ်ပယ် ရွေးကောက်ပွဲများ၊ ရပ်ရွာ ရွေးကောက်ပွဲများ၊ ဘုရားလူကြီး ရွေးကောက်ပွဲများ၊ အသင်းလူကြီး၊ အဖွဲ့လူကြီး ရွေးကောက်ပွဲများကိုလည်း နိုင်ငံတွင် အနှံ့အပြား တွေ့မြင်ရပေတော့မည်။

ဤကိစ္စဟူသမျှသည် အမှန်စင်စစ် ဒီမိုက**ရေစီစနစ်အတိုင်း** ဆောင်ရွက်သော ကိစ္စများ ဖြစ်ကြပေ၏။ ဒီမို**ကရေစီစိတ်ထားကို** ထားတတ်ပါမူ၊ ထားနိုင်ပါမူ၊ ဤကိစ္စများကို **အထင်အမြင်ရှိ ထိရောက်** အောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်ကြ**ပေလိမ့်မည်။**

တနဒီ စာအုပ်တိုက်

www.burmeseclassic.com



ထို့ကြောင့် ဒီမိုကရေစီသဘောကို မသိသေးသူတို့ သိကြလေအောင်၊ မေ့နေသူကို သတိရကြရလေအောင်၊ အလွန်ပညာရှိ သူများဝင် “ပညာရှိ သတိဖြစ်ခဲ့” ဟူသည်နှင့်အညီ တစ်ခါတစ်ရံ သတိလစ်နေတတ်ကြသည် ဖြစ်သဖြင့် သတိတရား ရကြလေအောင် အခါအခွင့်တိုလိုက်၍ ကောင်းမြတ်လှစွာသော စေတနာနှင့် စွမ်းအားရှိသလောက် ဤစာအုပ်ငယ်ကို ရေးသားစီရင်လိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ငယ်သည် အကောင်းဆုံး ပထမတန်းစား စာအုပ်မဟုတ်ကြောင်း စာရေးသူကိုယ်တိုင်က ကောင်းစွာသိပါသည်။ သို့သော် ဒီမိုကရေစီ သဘောဟူသမျှကို စုံလင်သင့်သလောက် စုံလင်စွာ လူပြိန်းနားလည်အောင် ရိုးရိုးကလေး ရေးသားထားသော စာအုပ်ကလေး ဖြစ်ပါသောကြောင့် အသက်အရွယ် နုငယ်သော ကျောင်းသူကျောင်းသားကလေးများ၊ သမဂ္ဂအသင်းဝင်များဖြစ်ကြသော အထက်တန်းကျောင်းသူကျောင်းသားကြီးများ၊ သာမန်အရပ်သူ အရပ်သားများ ဖတ်ရှုကြပါလျှင် အကျိုးရှိသင့်သလောက် ရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ တက္ကသိုလ် ကျောင်းသူ ကျောင်းသားများ၊ နိုင်ငံရေးခေါင်းဆောင်များပင် သည်းခံ၍ ဤစာအုပ်ငယ်ကို မေတ္တာဖြင့် ဖတ်ရှုတော်မူကြပါလျှင် အကျိုးများစွာ မယုတ်နိုင်ဟု ထင်မြင်ယူဆမိပါကြောင်း။

တင့်ဆွေ

ရန်ကုန်မြို့၊ ၁၃၀၈ ခု၊ သီတင်းကျွတ် လပြည့်နေ့။

## ဒီမိုကရေစီ သဘော

“ဒီမိုကရေစီ” ဟူသော အင်္ဂလိပ်စကားသည် ဂရိတ်ဘာသာမှ ဆင်းသက်လာသော စကားတစ်ရပ် ဖြစ်လေသည်။ “ဒီမို” ဟူသော စကား၏ အဓိပ္ပာယ်မှာ “လူအများ” ဖြစ်သည်။ “ကရေစီ” ဟူသော စကား၏ အဓိပ္ပာယ်မှာ “အုပ်ချုပ်ခြင်း” ဖြစ်သည်။ ထို့ကြောင့် “ဒီမိုကရေစီ” ဟူသော စကားမှာ “လူအများ၏ အလိုဆန္ဒအတိုင်း အုပ်ချုပ်ခြင်း” ဟူ၍ အဓိပ္ပာယ်ရသည်။ ဆိုလိုရင်းမှာ “ဒီမိုကရေစီ” သည် လူတစ်ဦးတစ်ယောက်တည်း၏ သဘောအတိုင်း ထင်သလို အုပ်ချုပ်ခြင်းလည်း မဟုတ်။ လူတစ်စု၏ စိတ်ကူးအတိုင်း တစ်ဘက်သတ် အုပ်ချုပ်ခြင်းလည်း မဟုတ်။ **လူအများကို လူအများ၏ အကျိုးငှာ လူအများ၏ အလိုဆန္ဒအတိုင်း တရားသဖြင့် မျှမျှတတ လူအများက အုပ်ချုပ်ခြင်းပင် ဖြစ်၏။**

နိုင်ငံတစ်ခုကို လူအများ၏ အလိုဆန္ဒအတိုင်း **အုပ်**
သည် ဆိုရာ၌ အမှန်စင်စစ် ဥပဒေအတိုင်း အုပ်ချုပ်ခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဤဥပဒေသည် လူတစ်ဦးတစ်ယောက်တည်း၏ သဘောအတိုင်း ထင်သလို ပြုလုပ်ထားသော ဥပဒေလည်း မဟုတ်။ လူတစ်စု၏ စိတ်ကူးအတိုင်း တစ်ဘက်သတ်ပြုလုပ်ထားသော ဥပဒေလည်း မဟုတ်၊ တရားသဖြင့် နည်းလမ်းတကျ ဖွဲ့စည်းထားသော ဥပဒေပြုအဖွဲ့က တရားသဖြင့် နည်းလမ်းတကျ ပြုလုပ်သော ဥပဒေဖြစ်ရမည်။ တရားသဖြင့် နည်းလမ်းတကျ ဖွဲ့စည်းထားသော ဥပဒေပြုအဖွဲ့ဟု ဆိုရာ၌ နိုင်ငံသူ နိုင်ငံသား လူအများက မိမိတို့ အလိုအလျောက် လွတ်လွတ်လပ်လပ် ကြည်ကြည်ဖြူဖြူ မဲဆန္ဒများပေး၍ ရွေးကောက်တင်မြှောက်လိုက်သော နိုင်ငံ၏ ကိုယ်စားလှယ်များသာ ပါဝင်သည့် ဥပဒေပြုအဖွဲ့ကို ဆိုလိုသည်။

ဒီမိုကရေစီ ထွန်းကားသော နိုင်ငံတစ်ခုတွင် အများနှင့် သက်ဆိုင်သည့် အရေးကြီးသော ကိစ္စဟူသမျှတို့တွင် နိုင်ငံသူ နိုင်ငံသား လူအများ၏ အလိုဆန္ဒအတိုင်း ဖြစ်အောင် စီမံဆောင်ရွက်ရပေမည်။ ထို့ကြောင့် ဥပဒေပြုအဖွဲ့ကြီး ဖွဲ့စည်းရာ၌သာလျှင် မဟုတ်၊ အခြားကိစ္စ အမြောက်အမြား၌လည်း လူအများကို မဲဆန္ဒများပေးစေ၍ လူအများနှစ်သက်ရာ ကိုယ်စားလှယ် လူကြီးများကို ရွေးကောက် တင်မြှောက်ခြင်း ပြုစေရပေလိမ့်မည်။ ဥပမာ မြို့အသီးသီးတွင် မြူနီစီပယ် အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းရာ၌လည်းကောင်း၊ ကျေးရွာအသီးသီးတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းရာ၌လည်းကောင်း၊ စေတီပုထိုးအသီးသီးတွင် ဘုရားအုပ်ချုပ်ရေး ဂေါပကလူကြီးအဖွဲ့များ ဖွဲ့စည်းရာ၌လည်းကောင်း၊ အသင်းအပင်း အသီးသီးတွင် အမှုဆောင်အဖွဲ့များ ဖွဲ့စည်းရာ၌လည်းကောင်း၊ ဆိုင်ရာဆိုင်ရာ လူအများ၏





အလိုဆန္ဒအတိုင်းဖြစ်အောင် မဲပေး၍ ရွေးကောက်တင်မြှောက်ဖွဲ့စည်းခြင်း ပြုကြရပေလိမ့်မည်။

ထို့ပြင် နိုင်ငံတွင် အများနှင့်သက်ဆိုင်သည့် အရေးကြီးသော ကိစ္စအသစ်များ ပေါ်ပေါက်တိုင်း ပေါ်ပေါက်တိုင်းလည်း အများ၏ အလိုဆန္ဒကို သိရလေအောင် အများတက်ရောက်နိုင်သည့် အစည်းအဝေးကြီးများကို ကျင်းပကြရပေလိမ့်မည်။ ဤအစည်းအဝေးကြီးများတွင် လူတိုင်း လွတ်လပ်စွာ ပြောဆိုဆွေးနွေး၍ လူတိုင်း မဲဆန္ဒပေးနိုင်ခွင့် ရှိရပေလိမ့်မည်။ ဤအစည်းအဝေးကြီးများ၏ ဆုံးဖြတ်ချက်များမှာလည်း လူအများ၏ အလိုဆန္ဒကို ဖော်ပြသော ဆုံးဖြတ်ချက်များ ဖြစ်ကြရပေလိမ့်မည်။ နယ်ပယ်ကိစ္စ၊ အသင်းအပင်း ကိစ္စများတွင်လည်း၊ အရေးပေါ်တိုင်း ပေါ်တိုင်း ဤနည်းအတိုင်း အစည်းအဝေးများ ကျင်းပ၍ ဤနည်းအတိုင်း စည်းကမ်းတကျဖြစ်အောင် ဆောင်ရွက်ကြရပေလိမ့်မည်။

ဤမျှမကသေး နိုင်ငံတွင် ရှိကြသော သတင်းစာဆရာများ၊ မဂ္ဂဇင်းအယ်ဒီတာများ၊ စာရေးဆရာများကလည်း နိုင်ငံ၏ အကျိုးကို မျှော်ကိုး၍ အများအကျိုးရှိအောင် မိမိတို့၏ ထင်မြင်ချက်၊ ယူဆချက်အသီးသီးကို လွတ်လပ်စွာ အချုပ်အချယ်မရှိ ရေးသားဖော်ပြကြရပေလိမ့်မည်။ အရေးကိစ္စအဝဝ ပေါ်တိုင်း ပေါ်တိုင်း ဤပုဂ္ဂိုလ် အသီးသီးတို့က လူအများကို လမ်းကောင်းလမ်းမှန်များ အကြောင်းအားလျော်စွာ ညွှန်ကြားပြသပေးကြရပေလိမ့်မည်၊ ပန်းချီဆရာများ ကာတွန်းရုပ်ပြောင်ဆရာများကလည်း၊ ဤနည်းအတိုင်းပင် နိုင်ငံ၏ အကျိုးကို မျှော်ကိုး၍ အများအကျိုးရှိအောင် အရေးကိစ္စအဝဝ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဆေါ်တိုင်း ပန်းချီ၊ ကာတွန်း၊ ရုပ်ပြောင်ရေးလျက် နိုင်ငံသူနိုင်ငံသားအပေါင်းတို့ကို တရားပြကာ သတိပေးကြရပေလိမ့်မည်။

ဒီမိုကရေစီ သဘောကား လူအများ၏ အလိုဆန္ဒအတိုင်း ကိစ္စအဝဝတွင် ဆောင်ရွက်ရသော သဘောမှန်၏။ ဒီမိုကရေစီနည်းသည် လူတိုင်းလူတိုင်း လွတ်လပ်စွာသွားလာ လုပ်ကိုင် ပြောဆို ရေးသားနိုင်သောနည်း ဖြစ်သည်မှန်၏။ ဒီမိုကရေစီဝါဒသည် လူအများချမ်းသာမှုအတွက် လူအများကို လူအများ၏ သဘောအတိုင်းပင် တရားမျှတစွာ အုပ်ချုပ်ရန် အလွန်ကောင်းမွန်လှသည့် ဝါဒဖြစ်သည်မှန်၏။

## စည်းကမ်းဥပဒေနှင့် တာဝန်

ဒီမိုကရေစီဝါဒသည် ဝါဒအသီးသီးတွင် အလွန်ကောင်းလှစွာသော ဝါဒတစ်ခု ဖြစ်သည်ကား မှန်၏။ သို့သော် ဤဝါဒအတိုင်း အကျိုးရှိအောင် ဆောင်ရွက်ရန်ကား မလွယ်။ စည်းကမ်းဥပဒေကို ရိုသေတတ်၍ မိမိတို့၏ တာဝန်ကို မိမိတို့ သိတတ်သူများသာလျှင် ဤဝါဒကို နည်းလမ်းတကျ အသုံးပြုနိုင်ကြပေလိမ့်မည်။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အသုံးပြုသော ဥပဒေသည် လူအများက ရွေးကောက်တင်မြှောက်လိုက်သော ဥပဒေပြုအဖွဲ့ဝင် လူကြီးများကပင် ပြုလုပ်လိုက်သော ဥပဒေဖြစ်သဖြင့် ဤဥပဒေကို လူအများကပင် ကောင်းစွာရိုသေကြရပေလိမ့်မည်။ ကိုယ်တင်မြှောက်လိုက်သော ကိုယ်၏ ကိုယ်စားလှယ်များက ပြုလုပ်သည့် ဥပဒေကိုမှ ကိုယ်မရိုသေလျှင် ကိုယ်လုပ်သော ဥပဒေကို ကိုယ် မရိုသေရာ ကျပေလိမ့်မည်။ ထို့ကြောင့် ဥပဒေကို လူတိုင်း ရိုသေရပေလိမ့်မည်။ ဥပဒေအတိုင်း လူတိုင်းဆောင်ရွက်ကြရပေလိမ့်မည်။

တနင်္ဂဒီ တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတစ်ခုတွင် မိမိတစ်ယောက်တည်း လူဖြစ်နေလျှင် မိမိထင်သလို စည်းမရှိ ကမ်းမရှိ သွားလာလုပ်ကိုင်နိုင်ပေလိမ့်မည်။ ဤသို့မဟုတ်ဘဲ အများနှင့်အတူနေရသည်ဖြစ်လေရာ လူတိုင်းလူတိုင်းသည် အများ၏အကျိုးကို ကြည့်၍ စည်းနှင့်ကမ်းနှင့် နေရပေလိမ့်မည်။

စည်းကမ်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်တည်း၏ အကျိုးအတွက် ထားရသည်မဟုတ်။ အများအတွက်ထားရခြင်း ဖြစ်၏။ အများဆိုရာ၌ ၎င်းအများတွင် မိမိလည်း ပါဝင်သည်ကို မမေ့သင့်။

ဥပမာ 'ဒူးရင်းသီးအခွံကို လမ်းတွင် အရမ်းမပစ်ရ' ဟူသော စည်းကမ်းကို မိမိက မရှိသေဘဲ သူတစ်ပါး၏ အိမ်နားတွင် သွား၍ အရမ်းပစ်ထားလိုက်ပါလျှင် ထိုအိမ်သူ အိမ်သားများ ဒူးရင်းခွံအနံ့ကြောင့် စိတ်ဆင်းရဲကြရလိမ့်မည်။ မိမိ၌ကား အကျိုးယုတ်မည် မဟုတ်။ သို့သော် သူတစ်ပါးက မိမိအိမ်နား၌ ဒူးရင်းခွံတွေ အရမ်းလာ၍ ပစ်သော်၊ မိမိတို့ တစ်အိမ်သားလုံး စိတ်ဆင်းရဲကြရပေလိမ့်မည်။ ပစ်သူအတွက်ကား ကိစ္စမရှိ။ ထို့ကြောင့် ဘယ်သူမှ ဒူးရင်းခွံကို လမ်းတွင် အရမ်းမပစ်လျှင် ကောင်း၏။

စည်းကမ်းဆိုသည်မှာ အများအတွက်ထားရသော ကိစ္စမျိုး ဖြစ်၏။ လူရှိလျှင် စည်းကမ်းရှိရ၏။ စည်းကမ်းနှင့် ကင်း၍ လူ မနေနိုင်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံများ၌သာမဟုတ် နိုင်ငံတိုင်း၌ စည်းကမ်းရှိရ၏။ လူအများအားလုံး တစ်ယောက်မကျန် စိတ်ချမ်းသာစေရမည်ဟု မှုမှုတတ ရည်ရွယ်ချက်ထားသော ဒီမိုကရေစီ နိုင်ငံများ၌ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

နိုင်ငံအုပ်ချုပ်ရာ၌လည်းကောင်း၊ ရပ်ရွာကိစ္စ အဝဝကို





ဆောင်ရွက်ရာ၌လည်းကောင်း၊ အသင်းအပင်းများကို တည်ထောင်ရာ၌လည်း ကောင်း၊ အစည်းအဝေးများကျင်းပရာ၌လည်းကောင်း၊ စည်းကမ်းဥပဒေကို ရိုသေရန် အရေးကြီးလှ၏။ သို့သော် ရိုသေနည်းမှာ နှစ်မျိုးရှိ၏။ အချို့ကား အပြစ်ဒဏ်ကို ကြောက်၍ ရိုသေကြ၏။ အချို့ကား ကိုယ့်လိပ်ပြာကို ကိုယ်ရှက်၍ ရိုသေကြ၏။ ဤရိုသေနည်းနှစ်မျိုးတွင် ဒုတိယရိုသေနည်းသည် သာ၍ ကောင်း၏။ အပြစ်ဒဏ်ကို ကြောက်၍ ရိုသေသူသည် အပြစ်ဒဏ်ကို ရှောင်၍လွတ်မည်ဟု အထင်ရှိလျှင် စည်းကမ်းဥပဒေကို ဖောက်ဖျက်ကောင်း ဖောက်ဖျက်ပေလိမ့်မည်။ ကိုယ့်လိပ်ပြာ ကိုယ်ရှက်၍ အသိတရား၊ ကိုယ်ကျင့်တရားရှိသောကြောင့် ရိုသေသောသူကား နေရာမရွေး အချိန်မရွေး စည်းကမ်းဥပဒေကို အမြဲတစေ ရိုသေပေလိမ့်မည်။ လောကတွင် အရာရာ၌ သူတစ်ပါးကို ကြောက်ခြင်းထက် မိမိကိုယ်ကို မိမိကြောက်ခြင်းသည် ပို၍ ကောင်း၏။ အပြစ်ဒဏ်ခံရမည်ကို ကြောက်ခြင်းထက် တရားပျက်မည်ကို ကြောက်ခြင်းသည် ပို၍ မြတ်၏။

တာဝန်ကို မသိတတ်သူများ၏ လက်ထဲသို့ ဒီမိုကရေစီ နည်းစနစ်တစ်ခု ထည့်လိုက်ပါလျှင်၊ ထိုဒီမိုကရေစီ နည်းစနစ်သည် အညံ့စား အလကားဒီမိုကရေစီ ဖြစ်သွားပေလိမ့်မည်။ အမှန်ဆိုသော်၊ တာဝန်ကို မသိလျှင် ဒီမိုကရေစီနည်းကို အသုံးမပြုနိုင်။ ပြုလျှင်လည်း အကျိုးမရှိဘဲ၊ အကျိုးယုတ်လိမ့်မည်။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် မှီတင်းနေထိုင်သူ လူတစ်ယောက်သည် ပထမဦးစွာ မိမိကိုယ်ကို အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံအောင် ပြုလုပ်ရန် တာဝန်ရှိပေသည်။ ဒီမိုကရေစီနည်းမှာ အများ

www.burmeseclassic.com



သဘောအတိုင်း ပြုလုပ်စီမံ ခန့်ခွဲရသောနည်းပင်ဖြစ်၍ အများက အသိအလိမ္မာ ဉာဏ်ပညာမရှိဘဲနှင့် မိုက်မဲနေပါလျှင် လုပ်သမျှအားလုံး အမှားတွေ ဖြစ်ကုန်လိမ့်မည်။

မိမိကိုယ်ကို အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံအောင် လုပ်ပြီးလျှင် မိမိ၏ အသိအလိမ္မာ ဉာဏ်ပညာကို အများအတွက် အသုံးပြုရန် တာဝန်ရှိပြန်လေသည်။ နိုင်ငံတွင် ရွေးကောက်ပွဲများရှိလျှင် မိမိ၏ မဲကို အကျိုးမဲ့မဖြစ်စေဘဲ၊ တရားလမ်းကျသော နည်းဖြင့် အသုံးပြုဖြစ်အောင် ပြုရမည်။ အများအတွက် မိမိက ပေးရန်ရှိသော ငွေကြေး၊ အခွန်အခများကို ပေးဖြစ်အောင် မပျက်မကွက်ပေးရမည်။ အရေးကြီးသော အစည်းအဝေးများကို တက်ရောက်ရမည်။ ပြောခွင့်ရှိက မိမိသိသမျှကို အများကြားသိအောင် ပြောသင့်သလောက် ပြောပြရမည်။ အမှန်ကိုသိလျက်နှင့် အမှားဖြစ်အောင် မလုပ်ဘဲ အမှားကို တတ်အားသမျှ အမှန်ဖြစ်အောင် လုပ်ရမည်။ အသင်းအပင်းများတွင် ပါဝင်လျှင်လည်း ဤနည်းအတိုင်းပင် အသင်းကြေး မှန်မှန်ပေးခြင်း၊ အစည်းအဝေး မှန်မှန်တက်ခြင်း၊ တရားသဖြင့် မဲပေးခြင်း၊ ကောင်းသော အကြံဉာဏ်များ ပေးခြင်းတို့ကို ပြုရမည်။

ထို့ပြင် စည်းကမ်းဥပဒေကို ဖောက်ဖျက်ကျူးလွန်နေသူကို တွေ့လျှင် ကိုယ်နှင့်မဆိုင်ဟု သဘောမထားဘဲ ချက်ခြင်းသတိပေးဆုံးမရန် လူတိုင်း၌ တာဝန်ရှိ၏။ ဆိုင်ရာအာဏာပိုင်ထံ တိုင်ကြားသင့်က ချက်ခြင်းတိုင်ကြားရန် တာဝန်ရှိ၏။ သက်သေပါရမည်ကို ကြောက်၍ တိမ်းရှောင်နေကြပါလျှင် စည်းကမ်းဥပဒေကို မရိုသေသူတွေများသည်ထက် များလာပေလိမ့်မည်။ ထို့ကြောင့် ရုံးတွင် အမှု





အခင်းများဖြစ်ပေါ်လာသောအခါ အများ၏အကျိုးအတွက် သက်သေပေးနိုင်ပါလျှင် မတိမ်းမရှောင်ဘဲ သက်သေအဖြစ် ဆောင်ရွက်ရမည်။ အမှန်အတိုင်းပြောရဲသောသတ္တိ ရှိရမည်။ ရပ်ရွာတွင် အများအတွက် ဆောင်ရွက်သော ကိစ္စအဝဝတွင် မိမိတတ်နိုင်သည့်နေရာက ပါဝင်ဆောင်ရွက်သင့်သည်။

ဒီမိုကရေစီနိုင်ငံများ၌သာ မဟုတ်၊ နိုင်ငံတိုင်း နိုင်ငံတိုင်း၌ လူတိုင်းလူတိုင်း ကိုယ့်တာဝန်ကို ကိုယ်သိရန် အရေးကြီး၏။ အများ၏ အသိအလိမ္မာ ဉာဏ်ပညာကို အားကိုး၍ အများဖျက်လျှင်ပျက်ရမည်။ အများမြင့်လျှင် တင့်ရမည် ဟူသောသဘောနှင့် အုပ်ချုပ်သော ဒီမိုကရေစီနိုင်ငံများ၌ကား အထူးပြောနေရန်ပင် မလိုတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## မဲ၏ တန်ဖိုး

နိုင်ငံ၌လည်းကောင်း၊ ရပ်ရွာ၌လည်းကောင်း၊အသင်းအပင်းများ၌လည်းကောင်း၊ ရွေးကောက်ပွဲအသီးသီးတွင် မဲပေးရာ၌ ပေါ့ပေါ့ဆဆနှင့် အလွယ်တကူ အရမ်းကာရောမပေးဘဲ စဉ်းစဉ်းစားစားနှင့် အရေးတကြီး ချိန်ဆဝေဖန်ပြီးမှ ပေးသင့်၏။ အစည်းအဝေးများတွင် အဆိုများ တင်သွင်းရာ၍ မဲပေးသောအခါလည်း ဤအတိုင်းပင်။

မဲသည် ဒီမိုကရေစီ၏ အသက်ဖြစ်၏။ မဲမပါဘဲ ဒီမိုကရေစီ မဖြစ်နိုင်။ မဲပေးသူညံ့လျှင် အညံ့စား ဒီမိုကရေစီ ဖြစ်လိမ့်မည်။ မဲပေးသူ အထက်တန်းစားဖြစ်လျှင် ဒီမိုကရေစီလည်း အထက်တန်းစားဖြစ်လိမ့်မည်။ ဒီမိုကရေစီတစ်ခုလုံးသည် မဲပေါ်၌ တည်လျက်ရှိတော့၏။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် မှီတင်းနေထိုင်သူတိုင်း မဲ၏တန်ဖိုးကို ကောင်းစွာသိ၍ မဲပေးတတ်ရမည်။

လူတစ်ယောက်သည် မဲတစ်ခုပေးနိုင်လျှင် ထိုမဲသည် မိမိ၏ ကိုယ်ပိုင်ပစ္စည်းဟု မှတ်ရမည်။ ထိုမဲသည် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မှ မဆိုင်၊ မိမိသာ ဆိုင်၏။ ထိုမဲကို အသုံးပြုရာ၌





မိမိသဘောတစ်ခုတည်းနှင့် မိမိအလိုရှိသလို အသုံးပြုနိုင်ခွင့် ရှိ၏။ သို့ရာတွင် ထိုမဲသည် ကိုယ်ပိုင်ပစ္စည်းဟု ဆိုရသော်လည်း အခြားကိုယ်ပိုင်ပစ္စည်းများနှင့် လားလားမျှ မတူ။ ထင်သလိုအသုံးမပြုဘဲ အများ၏ အကျိုးအတွက်သာ အသုံးပြုနိုင်၏။ ထို့ကြောင့် မိမိ၏ မဲကို ငွေဘာယ်လောက်ရသော်လည်း မရောင်းရ။ အခြားပစ္စည်း တစ်ခုခု၊ အခွင့်အရေးတစ်ခုခုနှင့်လည်း လဲလှယ်ခြင်း မပြုရ။ သူတစ်ပါးကိုလည်း ပေးမပစ်ရ။ ဖျောက်၍လည်း မပစ်ရ။ မေ့၍လည်း မထားရ။ မဲတစ်ခုပိုင်လျှင် ထိုမဲကို အဖိုးအတန်ဆုံး တစ်ဦးတည်းပိုင်ပစ္စည်း တစ်ခုဟု သဘောထားကာ တရိုတသေ အလေးပြုရမည်။ အချိန်ကျသောအခါ ထိုမဲကို အများ၏အကျိုးအတွက် နည်းလမ်းတကျ တရားသဖြင့် အသုံးပြုဖြစ်အောင် ပြုရမည်။

မဲပေးသောအခါ ပုဂ္ဂလဓိဋ္ဌာန်မပေးဘဲ ဓမ္မဓိဋ္ဌာန်ပေးရန် အရေးကြီးလှ၏။ လွန်ခဲ့သော အနှစ်နှစ်ဆယ် ကျော်ကျော်လောက်က ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရားကြီးအတွက် ဘုရားလူကြီးရွေးကောက်ပွဲတစ်ခု ကျင်းပ၏။ ရွေးကောက်ပွဲမတိုင်မီ ညနေခင်းတစ်ခုတွင် ကောလိပ်ကျောင်းသားတစ်ယောက်သည် မိမိ၏ နေအိမ်၌ ‘ဘက်မင်တန်’ ရိုက်၍ ကစားနေ၏။ ထိုအခါ ဦးဖြူအမည်ရှိသော ဘီးလပ်ဖြန် ထော်ထိုတော်ရကြီးတစ်ဦးသည် မော်တော်ကားကြီးနှင့် ကောလိပ်ကျောင်းသား၏ ခြံပေါက်ဝတွင် ထိုး၍ ရပ်ပြီးလျှင် ကောလိပ် ကျောင်းသားကို ခေါ်ကာ “တူမောင်၊ တူမောင်နှင့် ဦးတို့ဟာ ဆွေလိုမျိုးလိုပါပဲ၊ ဦးကို တစ်ခု ကူညီပါဦး၊ မောင်က ကောလိပ်ကျောင်းမှာ [illegible] အဖော်အပေါင်း များတယ်၊ ဘုရားလူကြီး ရွေးတဲ့နေရာမှာ [illegible] ဦးကို



www.burmeseclassic.com

မဲဆေးကြဖို့ တူမောင်က ကြည့်လုပ်ပါဦး" ဟု ပြော၏။ ဦးဖြူကား သဘောကောင်း၍ ငွေကို လွယ်လွယ်သုံးတတ်သော ဥစ္စာရှိသူတစ်ဦး ဖြစ်၏။ သို့သော် ဦးဖြူ၌ ဘုရားလူကြီး ဖြစ်ထိုက်သော အရည်အချင်းများစွာမရှိသဖြင့်၊ ဦးမဲ ဆိုသူအား မဲပေးရန် ကောလိပ်ကျောင်းသား၏ စိတ်၌ ပိုင်းဖြတ်ပြီး သား ဖြစ်၏။ ဦးမဲမှာ အသိအလိမ္မာဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။ ရတနာသုံးပါးကို ကိုင်းရှိုင်း၍ ကိုယ်ကျင့်တရားလည်း အဟုတ်အမှန် ကောင်း၏။ ဦးဖြူ၏ စကားဆုံးလျှင် ကောလိပ်ကျောင်းသားက ခေါင်းခါပြီး "ဝမ်းနည်းပါတယ် ဦးရယ်၊ ကျွန်တော် ဦးမဲကို မဲပေးဖို့ ဆုံးဖြတ်ပြီးပါပြီ" ဟု ပြန်ပြော၏။ ထိုအခါ ဦးဖြူသည် ဆုတ်သာ ခွာသာ အခါတွင် မဆုတ်ခွာဘဲ "ဟာ မောင်ရယ်၊ ဆွေမျိုးချင်း ဒါလောက်မှ အားမကိုးရလျှင် ဘယ်ဖြစ်မလဲ၊ ဦးမဲအတွက်ဆိုလျှင် မောင် အနေသာကြီးပါ၊ ဘယ့်နှယ် အမေကျော် ခွေးတော်လွှမ်းလို့ ဖြစ်ပါ့မလား၊ ဦးအတွက် မဲရအောင် မောင်လုပ်ပေးလျှင် ကုန်သမျှ စရိတ်တွေလည်း ဦး အကုန်ပေးမှာပေါ့၊ ဦးမဲကကော ဘယ်လောက် ပေးမယ်များ ပြောထားလို့လဲ" ဟု ဇွတ်ထိုး၍ ပြောလေ၏။ ထိုအခါ ကောလိပ်ကျောင်းသား၏ မျက်နှာသည် နီမြန်းလာပြီးလျှင် "ဦး မှားပြီ၊ ကျွန်တော်လို အကောင်ကို ဒီလို ပြောလို့မရဘူး ဆွေမျိုးတော်တာနှင့် ဘာမှ မဆိုင်ဘူး၊ ဦး အိမ်မှာ ခိုင်းစရာရှိလျှင် ကျွန်တော့်ကို ခေါ်ပြီး ခိုင်းပါ၊ အလုပ်ကြမ်းပင်ဖြစ်စေကာမူ ကျွန်တော် ကြည်ကြည်ဖြူဖြူ လုပ်ပေးပါ့မယ်၊ ဦးကို ကျွန်တော် အလွန်ခင်မင်ပါတယ်၊ သို့သော် မဲတော့ ဦးကို မပေးနိုင်ဘူး၊ လူများကိုလဲ ဦးအတွက် မဲပေးဖို့ ကျွန်တော် မတိုက်တွန်းနိုင်ဘူး၊ မဲကိုတော့ အတော်ဆုံးလူကို ပေးရလိမ့်မယ်၊ ဒါမှ ဘုရား





ကြီး အကျိုးရှိမှာပေါ့၊ ကျွန်တော့်စိတ်ထဲမှာတော့ ဒီကိစ္စမှာ ဦးမဲဟာ အတော်ဆုံးပဲ" ဟု ပြန်ပြောလိုက်၏။ ဦးဖြူမှာ ရပ်တန်းက မရပ်သေးဘဲ "ဒါဖြင့် မောင်ရယ်၊ ညာတကာနဒ္ဒသင်္ဂဟော ဆိုတဲ့ မင်္ဂလာတရားတွေ ပျက်ကုန်ရောပေါ့၊ ကိုယ့် ဦးလေးနှင့် တစိမ်းပြိုင်တာ၊ မောင်က တစိမ်းဘက်က လိုက်မယ်ဆိုလျှင် တော်ပါ့မလား" ဟု လော၍ ပြောပြန်၏။ ဤသို့ ဦးဖြူက ပြောသောအခါ "ဦးလေး မပြောနှင့် အဖေ အရင်းနှင့် ပြိုင်တောင် ဦးမဲက သာလျှင် ဦးမဲကို မဲပေးရမယ်၊ ဦးမဲကို ချစ်လို့မဟုတ်ဘူး၊ ရွှေတိဂုံဘုရားကြီး ကြည်ညိုလို့၊ ကျွေးစရာရှိလျှင် ဦးမဲကို မကျွေးဘူး၊ ကိုယ့်အဖေကိုယ် ကျွေးမှာပေါ့၊ ဦးမဲနှင့် ကိုယ့်အဖေ ရန်ဖြစ်ပြီး သတ်ကြလျှင်လည်း ကိုယ့်အဖေဘက်က ဝင်ကူမှာပေါ့။ သို့သော် နိုင်ငံအတွက်ဖြစ်ဖြစ်၊ ရပ်ရွာအတွက်ဖြစ်ဖြစ်၊ ဘုရားအတွက်ဖြစ်ဖြစ် ရွေးကောက်ပွဲကျင်းပတဲ့ နေရာမှာတော့ ဦးမဲဟာ ကိုယ့်အဖေထက် သာတယ်လို့ ထင်လျှင် ဦးမဲကို မဲပေးရမယ်၊ ကိုယ့်အဖေကို မဲမပေးနိုင်ဘူး၊ မဲကို ကိုယ်တစ်ယောက်တည်း ပိုင်တာမဟုတ်ဘူး၊ နိုင်ငံက ပိုင်တယ်၊ အများက ပိုင်တယ်၊ နိုင်ငံအကျိုး၊ အများအကျိုးကို ကြည့်ပြီး အသုံးပြုရတယ်၊ ကိုယ့်အကျိုး၊ ကိုယ့်အဖေအကျိုးအတွက် အသုံးမပြုရဘူး" ဟု ကောလိပ်ကျောင်းသားက စကားကို အဆုံးသတ်လိုက်လေ၏။ ထိုအခါမှ ဝတ်လုံတော်ရမင်းဦးဖြူလည်း စိတ်ပျက်ရှုံ့ထ်နှင့် မော်တော်ကားကြီး မောင်းကာ ထွက်သွားလေ၏။

ဦးဖြူ၏ စိတ်ထဲ၌ကား ကောလိပ်ကျောင်းသားတလေးကို အလွန်ခွကျသော သူငယ်ကလေးဟု အမှန်မလွဲ ထင်ထေလိမ့်မည်။ အမှန်စင်စစ်မှာ ကောလိပ်ကျောင်းသားကလေးသည် ဒီမိုကရေစီသဘောကို



www.burmeseclassic.com

**အထုတ်အမှန်** နားလည်သူတစ်ယောက်ဖြစ်၏။ ဒီမိုကရေစီနိုင်ငံတွင် **နေသူ** လူတိုင်းလူတိုင်း ဤကောလိပ်ကျောင်းသားကလေး စိတ်ထား **သလို** ထားသင့်၏။ ၎င်းကျင့်သကဲ့သို့ပင် လိုက်၍ ပြုကျင့်သင့်၏။ **မဲသည်** အဖေနှင့်လည်း မဆိုင်၊ အမေနှင့်လည်း မဆိုင်၊ နိုင်ငံနှင့်သာ **ဆိုင်၏**။ အများနှင့်သာ ဆိုင်၏။ မဲပေးရာ၌ အဖေ့မျက်နှာကိုလည်း ထောက်စရာမရှိ၊ အမေ့မျက်နှာကိုလည်း ထောက်စရာမဟုတ်၊ နိုင်ငံ၏ မျက်နှာ၊ အများ၏ မျက်နှာကိုသာ ထောက်ရမည် မလွဲဖြစ်၏။ ချစ်၍ လည်း မိမိ၏မဲကို အလကားမပေးသင့်။ ကြောက်၍လည်း မိမိ၏မဲကို အလွဲမပေးသင့်။ ပျင်း၍လည်း မိမိ၏ မဲကို တော်သလို မပေးသင့်။ မပေးဘဲလည်း မနေသင့်။ အများ၏ အကျိုးကိုကြည့်၍ အကောင်းဆုံး ပုဂ္ဂိုလ်ကို ပေးဖြစ်အောင် ပေးရမည်။

မဲပေးရာ၌ "နမ်းတစ်လုံးနှင့် ဆီမဖြစ်နိုင်" ဟု ဆိုကာ မိမိ၏ မဲကို တစ်မဲတစ်လေ ဖြစ်ချင်သလို ဖြစ်ပေစေဟု သဘောမထားနှင့်။ ဤအတိုင်း သဘောထားသူများလာလျှင် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ပြီး၊ နိုင်ငံ နစ်နာလိမ့်မည်။ ထို့ပြင် မဲဆိုသည်မှာ တစ်မဲဆိုလျှင် တစ်မဲဆိုသလောက် တာသွား၏။ အချို့ရွေးကောက်ပွဲများ၌ တစ်မဲ တည်းနှင့် ကပ်၍ ရှုံးသွား၏။ တစ်မဲတည်းနှင့် ကပ်၍ နိုင်ဖူး၏။ ထို့ကြောင့် တစ်မဲတစ်လေ ကိစ္စမရှိဘူးဟု မမှတ်သင့်။ မိမိမဲကို တရိုတသေ အရေး တကြီး ကျကျနန အသုံးပြုရမည်။ မိမိပိုင်သော မဲတစ်မဲတည်းနှင့် နိုင်ငံ၏ ကောင်းကျိုး၊ မကောင်းကျိုးကို ဖန်တီးနိုင်၏။ မဲမည်သည် ဤမျှလောက် တန်ဖိုးကြီး၏။

ရွေးကောက်ပွဲတစ်ပွဲတွင် မဲပေးချိန် နီးသောအခါ မိမိရွေးချယ်





ရမည့် ပုဂ္ဂိုလ်အသီးသီး၏ အကြောင်းအရာများကို အစုံအလင်သိရှိအောင် တတ်အားသမျှ အားထုတ်ရမည်။ ၎င်းတို့၏ ဝါဒအသီးသီးကို ကောင်းစွာ နားလည်သဘောပေါက်အောင်လည်း ကြိုးစားကြမည်။ ၎င်းတို့ဟောပြောသော စကားများကိုလည်း နားထောင်၍ ၎င်းတို့ ထုတ်ဝေသော စာရွက်စာတမ်းများကိုလည်း ဖတ်ရှုကာ ကောင်း မကောင်း မှန်မမှန် ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်ကြည့်ရမည်။ လူများ ပြောတိုင်း နားမယောင်ဘဲ အမှန်အတိုင်း မဲပေးဖြစ်အောင် သတိပြုရမည်။ မဲပေးရာ၌ ထမင်း စားရသည်။ မုန့်ဟင်းခါး၊ ကြာဆံကြီး စားရသည်။ မော်တော်ကား စီးရသည်ကို ပဓာနမထားဘဲ နိုင်ငံအကျိုး အများ၏အကျိုးကိုသာ အဓိကထားရမည်။ "မော်တော်ကားနဲ့ လာခေါ်ပါမည်၊ ထမင်းလည်းကျွေးပါမည်၊ မဲပေးပါ" ဟု လာခေါ်လျှင် ထိုလာခေါ်သူသည် မိမိကို စော်ကားသည်ဟု အောက်မေ့ပါ။ ကိုယ့် ထမင်းထုပ်ကို ကိုယ်သယ်ပြီး နေပူထဲတွင် ကုန်းကြောင်းသွားကာ အတော်ဆုံးဟု မိမိထင်မြင်သော ပုဂ္ဂိုလ်အတွက် မိမိ၏ မဲကိုပေးပါ။ သို့မှ နိုင်ငံကြီးပွားတိုးတက်မည်ဟု မှတ်ပါ။ ရပ်ရွာရွေးကောက်ပွဲ၊ အသင်းရွေးကောက်ပွဲများ၌လည်း ဤအတိုင်းပင် အကောင်းဆုံး အတော်ဆုံး ပုဂ္ဂိုလ်ကိုသာ မဲပေးဖြစ်အောင် ပေးပါလေ။

အစည်းအဝေးတစ်ခုတွင် အဆိုတစ်ခုခုကို တင်သွင်းရာတွင်၊ ကိစ္စတစ်ရပ်ရပ်ကို ဆုံးဖြတ်ရာတွင်လည်း အဆိုတင်သွင်းသူကို **အား** **နာ**ဘဲ မိမိမှန်သည်ဟု ထင်သည့်ဘက်ကို မဲပေးရမည်။ **မဲမပေးမီ** **နှစ်**ဘက်လုံးက ပြောသောစကားများ၊ ပြသောအကြောင်း**များကို သေချာ** တစိုက် စဉ်းစားဆင်ခြင် ကြည့်သင့်လှသည်။ မဲပေးသော**အခါ ညီညာ**



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာကိုမှ မထောက်ဘဲ အများ၏ အကျိုးကိုသာ မျှော်ကိုးပြီး လျှင် ရဲရဲဝံ့ဝံ့ မှန်သည်ဟု ထင်သည့်ဘက်ကိုသာ မဲပေးသင့်လှပေသည်။ သို့မှသာလျှင် ဒီမိုကရေစီသဘော သက်ရောက်ပေလိမ့်မည်။

တစ်ရံခါသော် ရွေးကောက်ပွဲတစ်ခုကျင်းပရာ လူတစ်ယောက်သည် ၎င်းနှင့် တစ်မြို့တည်းသားဖြစ်သော ပုဂ္ဂိုလ်တစ်ဦးအတွက် မဲရအောင် ကြိုးပမ်းရာတွင် "ဟေ့ ခွေးခွေးချင်း ကိုက်တာတောင် ကိုယ့်အိမ်ကခွေး နိုင်စေချင်တာပဲ၊ ဒီရွေးကောက်ပွဲမှာလဲ ဘာပဲဖြစ်ဖြစ် ကိုယ့်မြို့သားအချင်းချင်း အားပေးရမယ်" ဟု ဆိုကာ ကြိုးပမ်းဖူး၏။

ဤလူ၏ စကားသည် ဒီမိုကရေစီသဘောနှင့် အလွန်ဆန့်ကျင်လှသော စကားဖြစ်၏။ ရွေးကောက်ပွဲတွင် အရွေးခံကြသူ ပုဂ္ဂိုလ်များသည်လည်း ခွေးမဟုတ်။ ရွေးကောက်ပွဲကျင်းပခြင်းသည်လည်း ခွေးတစ်ကောင်နှင့်တစ်ကောင် ကိုက်သောသဘောမျိုးမဟုတ်။ ထို့ကြောင့် ခွေးနှင့်ခွေး ကိုက်ကြရာတွင် ကိုယ့်အိမ်ခွေးကို အနိုင်ရစေလိုသည် မှန်စေကာမူ နိုင်ငံ၏ အကျိုး၊ အများ၏ အကျိုးအတွက် များစွာ ငွေကုန်ကြေးကျခံကာ အချိန်ရော လူရော အသုံးပြု၍ ကျင်းပကြရသော ရွေးကောက်ပွဲများတွင်ကား၊ ကိုယ့်သွေး၊ သူ့သား၊ ကိုယ့်ဆွေမျိုး၊ သူ့ဉာတိ၊ ကိုယ့်မြို့သား၊ သူ့ဇာတိဟူ၍ မခွဲခြားဘဲ အကောင်းဆုံး အတော်ဆုံး ပုဂ္ဂိုလ်ကိုသာ ရွေး၍ မဲပေးသင့်လှပေသည်။ နိုင်ငံတွင် ကျင်းပသော ရွေးကောက်ပွဲများကို ခွေးကိုက်ပွဲမျှလောက်သာ သဘောထားကာ မဲကို ကလေးကစားသလို လွယ်လွယ်နှင့် ပေးချင်သလို ပေးနေကြမည်ဆိုပါလျှင် တစ်နိုင်ငံလုံး ငါးပါးသာမဟုတ် သံဃာစင်တစ်စင်လုံး မှောက်ဖွယ်ရာ အကြောင်း ရှိလေတော့သည်။

တနဒီ တအုပ်တိုက်



အစည်းအဝေးများ ကျင်းပရာတွင်လည်း ဤနည်းအတိုင်း ခွေးကိုက်ပွဲတစ်မျှ နှလုံးသွင်းကာ ကိုယ့်လူ သူ့လူခွဲကာ အလုပ်လုပ်နေကြပါလျှင် ဘယ်နည်းနှင့်မှ အမှန်သို့ ရောက်နိုင်လိမ့်မည် မဟုတ်။ တစ်ဝဲလည်လည်နှင့်ပင် ဒုံရင်းဒုံရင်း နေပေလိမ့်မည်။

ထို့ကြောင့် နိုင်ငံတစ်ခုလုံးနှင့် ချီ၍ တိုးတက်ကြီးပွားလိုပါလျှင် မဲ၏တန်ဖိုးကိုသိပြီး မဲ သုံးရသမျှ နေရာတိုင်းတွင် မဲကို ရဲရဲဝံ့ဝံ့ ရိုရိုသေသေ လေးလေးမြတ်မြတ် စဉ်းစဉ်းစားစား နည်းလမ်းတကျ လှတိုင်း အသုံးပြုနိုင်ကြပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တင်သည့်စစ်ကဲ

ရွေးကောက်ပွဲများတွင် အများ၏ မဲနှင့် တရားသဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်လူကြီးများသည် အဖွဲ့နှင့် အလုပ်သဘောကိုလိုက်၍ ငါးနှစ်ဖြစ်စေ၊ သုံးနှစ်ဖြစ်စေ၊ တစ်နှစ်ဖြစ်စေ၊ ဥပဒေက ပေးထားသော နှစ်ကာလအပိုင်းအခြားအတိုင်း၊ လူကြီးလုပ်၍ မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ကြရပေလိမ့်မည်။ ထိုအခါ ဤလူကြီးများကို အားလုံးက ဝိုင်း၍ အရိုအသေပေးပြီး နိုင်ငံ၏ကိုယ်စားလှယ်များ၊ အများ၏ ကိုယ်စားလှယ်များအနေနှင့် နေရာထားကြရပေမည်။ ဤနည်းအတိုင်းပင် အစည်းအဝေးတစ်ခုတွင် တင်သွင်းသော အဆိုတစ်ခုသည် အများ၏ မဲနှင့် တရားသဖြင့် အတည်ဖြစ်သွား၏။ ထိုအခါ ဤအဆိုကို အစည်းအဝေးတက်သူ၊ သက်ဆိုင်သူအားလုံးက အသိအမှတ်ပြု၍ အစည်းအဝေးတစ်ခုလုံး၏ ဆုံးဖြတ်ချက်၊ လူအများ၏ ဆုံးဖြတ်ချက်အနေနှင့် လိုက်နာရိုသေကြရပေမည်။

ဥပမာ – ရွေးကောက်ပွဲတစ်ခုတွင် ဦးဖြူနှင့် ဦးမဲ ယှဉ်ပြိုင်၍ အရွေးခံကြ၏။ ဦးဖြူ အရွေးခံရလျှင် အများအကျိုးရှိမည်ဟု အဟုတ်အမှန် ယုံကြည်ယူဆသူများက ဦးဖြူ မဲပို၍ရအောင် တတ်အားသမျှ





ကြိုးစားကြ၏။ ဦးမဲ အရွေးခံရလျှင် အများအကျိုးရှိမည်ဟု အဟုတ်အမှန် ယူဆသူများကလည်း ဦးမဲ မဲပို၍ရအောင် အစွမ်းကုန် ကြိုးစားကြ၏။ ဤသို့ကြိုးစားသည့်အခါတွင် ကိုယ်ကြည်ညိုသူ အရွေးခံရအောင် မီးကုန်ယမ်းကုန် တရားသဖြင့် မဲရေတွက်လိုက်သောအခါ၊ ဦးဖြူက မဲပို၍ အနိုင်ရသွားပါလျှင် ဦးမဲကို ကြည်ညိုသူ လူအများကပါ စိတ်ကောင်းသဘောကောင်းနှင့် ဦးဖြူကို "ငါတို့၏ ကိုယ်စားလှယ်၊ အများ၏ ကိုယ်စားလှယ်" ဟု ဝိုင်း၍ အသိအမှတ်ပြုကာ ရိုသေလေးစားကြရမည်။ ဦးဖြူကို အားလုံးက ဝိုင်း၍ အားပေးကြရမည်။ ဦးဖြူ စိတ်မချမ်းသာအောင်၊ အလုပ်ပျက်အောင် မတရားသဖြင့် မည်သူမျှ မလုပ်သင့်ပေ။

ရွေးကောက်ပွဲတစ်ခု ပြီးသွားလျှင် ၎င်းရွေးကောက်ပွဲတွင် ပြောသမျှ ဆိုသမျှ လုပ်သမျှ ကိုင်သမျှ ဖြစ်သမျှ ပျက်သမျှတွေကို အားလုံးမေ့ပစ်လိုက်ပြီး တရားသဖြင့် မဲအများဆုံးရ၍ အရွေးခံရသော ပုဂ္ဂိုလ်ကိုသာလျှင် အားလုံးက ဝိုင်း၍ ကြည်ညိုလေးစား ကူညီအားပေးကြရမည်။ ဤပုဂ္ဂိုလ်၏ အယူဝါဒ အပြုအမူကို မနှစ်သက်လျှင် နောက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပသောအခါ ၎င်းအား မဲမပေးသည့်အပြင် ၎င်းထပ်၍ အရွေးမခံရအောင်ပင် တရားသဖြင့် အမျိုးမျိုး ကြိုးစားနိုင်ပေမည်။

ဤနည်းအတိုင်းပင် အစည်းအဝေးများတွင် ဆုံးဖြတ်ချက်များ ချရာ၌လည်း ဒီမိုကရေစီသဘောအတိုင်း စိတ်ထားမှန်မှန်ထား၍ ဆောင်ရွက်တတ်ရန် သင့်လှပေသည်။ ဥပမာ အသင်းအစည်းအဝေးတစ်ခုတွင် ဦးဖြူဆိုသူက အသင်းလစဉ်ကြေးကို ငါးမူးက တစ်ချက်ထို

www.burmeseclassic.com



မြင်တင်ရမည်ဟု အဆိုသွင်း၏။ ဦးမဲဆိုသူက ကန့်ကွက်၏။ ဦးဖြူ၏ အဆိုကို အစည်းအဝေးတွင် စဉ်းစားဆွေးနွေးကြသောအခါ မည်သူမဆို ထ၍ မိမိ၏ထင်မြင်ချက်များကို မြွက်ဟပြောဆိုနိုင်ခွင့်ရှိ၏။ ပြောဆိုသင့်သည်။ ပြောဆိုရမည်။ အစည်းအဝေးတွင် ပါးစပ်ပိတ်နေပြီး အစည်းအဝေးပြီး၍ အပြင်ဘက်ကျမှ တိုးတိုး တိုးတိုးပြောခြင်း၊ တာဝန်မဲ့စကားတွေ ပြောဆိုခြင်းသည် ဒီမိုကရေစီ သဘောနှင့် မညီ။ အစည်းအဝေးမတက်ဘဲ အဝေးကနေ၍ ထင်ရာ ပြောဆိုခြင်းလည်း နည်းလမ်းမဟုတ်။ အသင်းသားမှန်လျှင် အစည်းအဝေးတက်ရမည်။ အစည်းအဝေးကျလျှင်လည်း မိမိ၏ ထင်မြင်ယူဆချက်များကို ပွင့်ပွင့်လင်းလင်းကြီး ပြောဆိုရမည်။ စဉ်းစား ဆွေးနွေးပြောဆိုကြပြီးနောက် မဲခွဲသောအခါ အကယ်၍ ဦးဖြူ၏ အဆိုနိုင်သွားပါလျှင် အသင်းလစဉ်ကြေးကို တစ်ကျပ်ထားသင့်သည်ဟူသော ဆုံးဖြတ်ချက်ကို အသင်းတစ်ခုလုံး၏ ဆုံးဖြတ်ချက်ဟု အသင်းသားအားလုံးက သဘောထားကြရမည်။ ဦးမဲဘက်က မဲပေးကြသော အသင်းသားများကလည်း လစဉ်ကြေးတစ်ကျပ်ကို ကြည်ကြည်ဖြူဖြူ ပေးကြရမည်။ ပေးနိုင်လျက်နှင့် မပေးဘဲ ကပ်ဖဲ့မလုပ်ကြရ။ ကပ်ဖဲ့လုပ်လျှင် အသင်းပျက်လိမ့်မည်။ အစည်းအဝေးတွင် ပြောသမျှ ဆိုသမျှ မဲပေးသမျှတွေကို မေ့ပစ်လိုက်ပြီးလျှင် အသင်း၏ ဆုံးဖြတ်ချက်ကိုသာ အသိအမှတ်ပြု၍ အားလုံးက လက်ခံလိုက်နာ ဆောင်ရွက်ကြရမည်။ လစဉ်ကြေးတစ်ကျပ်မှာ များလွန်း၍ မပေးနိုင်သော အသင်းသားများ တကယ်ရှိနေပါလျှင် အသင်းဥပဒေအတိုင်း ဆိုင်ရာ နောက်အစည်းအဝေးတစ်ခုတွင် ဤကိစ္စကို ပြန်လည်အဆိုသွင်း၍ စဉ်းစား ဆွေးနွေးနိုင်ပေမည်။





ဒီမိုကရေစီစနစ်တွင် အများမဲနှင့် တင်မြှောက်လိုက်သော ကိုယ်စားလှယ်လူကြီးများကို အများမဲနှင့်ပင် ပြန်ချနိုင်သော နည်းလမ်းများရှိသည် မှန်၏။ အများမဲနှင့် အတည်ပြုထားသော ဆုံးဖြတ်ချက်များကိုလည်း အများမဲနှင့်ပင် ပြန်၍ ဖျက်ပစ်နိုင်သော နည်းများရှိသည် မှန်၏။ သို့သော် ဤသို့ ပြန်၍ ချရခြင်း ပြန်၍ ဖျက်ရခြင်းသည် မကောင်း။ "ကိုယ်တင်သည့် စစ်ကဲ ကိုယ်ပြန်ချသည်" ဟူသော စကားကို ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဤကိစ္စမျိုးကို တတ်အားသမျှ ရှောင်ရှားရမည်။ အယုံအကြည်မရှိဟူသော အဆိုမျိုးကို အများအကျိုးအတွက် သွင်းရန် မလိုသမျှ ဘယ်တော့မှ မသွင်းသင့်။ ပုဂ္ဂိုလ်တစ်ဦးကို အယုံအကြည်မရှိလျှင် အစကနဦးထဲက မဲပေး၍ မရွေးနှင့်။ ရွေးကောက်တင်မြှောက်ပြီးလျှင်လည်း အများအကျိုးအတွက် ပြန်ချရန် မလိုလျှင် ပြန်ချရန် စိတ်မကူးပါနှင့်။ ဒီမိုကရေစီစနစ်တွင် "ဆိုခဲ့စေမြဲစေ" ဟူသော စကားအတိုင်း ကျင့်ရမည်။ မဲပေး၍ ရွေးကောက်တင်မြှောက်သောအခါလည်း ပုဂ္ဂိုလ်တစ်ဦးကို မျက်နှာထား ချိုရုံမျှနှင့် သဘောကျပြီး၊ လွယ်လွယ်ကလေး မဲမပေးလိုက်ပါလေနှင့်။ ရွေးကောက်တင်မြှောက်ပြီးလျှင်လည်း ထိုပုဂ္ဂိုလ်က မိမိကို လမ်းတွင် တွေ့၍ နှုတ်မဆက်ရုံမျှနှင့် အမြင်ကပ်ပြီး ပြန်၍ဆွဲချရန် စိတ်မကူးပါလေနှင့်။ ထိုနည်းတူစွာ အတည်ပြုပြီးသော ဆုံးဖြတ်ချက် တစ်ခုကိုလည်း လွယ်လွယ်ကူကူနှင့် ပြန်၍ ဖျက်ရန်မသင့်။ ဖျက်လိုက်ပြင်လိုက်လုပ်ပါများလျှင် အလုပ်မတွင်ဘဲ အချိန်သာ ကုန်ပေလိမ့်မည်။

အချိန်သည် အဖိုးတန်၏။ အကြောင်းထူး **မရှိလှဘဲနှင့်** တက်နေသူကို ဆွဲချခြင်း၊ ပြီးသည့်အလုပ်ကို ပြန်၍ **ဖျက်ခြင်းသည်**



www.burmeseclassic.com

www.burmeseclassic.com



အချိန်တုန်၏။ အချိန်ကို မိမိတစ်ဦးတည်းပိုင်လျှင် မိမိထင်သလို ဖြုန်းနိုင်ပေမည်။ နိုင်ငံကပေါ ပိုင်သော အများဆိုင်အချိန်ကိုကား မဖြုန်းပါလေနှင့်။ မိမိ၏နေအိမ်တွင် မိမိလင်မယားအချင်းချင်း ရန်ဖြစ်လျှင် မိမိပိုင်သော ပန်းကန်ခွက်ယောက်များကို ထ၍ ခွဲပစ်လိုက ခွဲပစ်နိုင်ပါသည်။ သို့သော် အသင်းကိစ္စ၊ ရပ်ရွာကိစ္စ၊ နိုင်ငံကိစ္စများ၌ကား လူချင်းမညီညွတ်ရုံမျှနှင့် ပန်းကန်ခွဲသော အလုပ်မျိုးတွေကို လုပ်ရန် မကြံပါလေနှင့်။ အများ၏ အကျိုးကိုငဲ့ပါ။ နိုင်ငံကို အားနာပါ။

BURMESE CLASSIC .com

## ပတ်မကြီး ဖောက်မပစ်ပါနှင့်

ဒီမိုကရေစီ စိတ်ထားဆိုသည်မှာ သဘောကြီးသော စိတ်ထားပင်ဖြစ်ပေသည်။ ရွေးကောက်ပွဲတစ်ခုတွင် ပါဝင်အရွေးခံ၍ မဲ များစွာမရသောကြောင့် ရှုံးလျှင် သဘောကြီးကြီးထားရမည်။ အစည်းအဝေးတစ်ခုတွင် မိမိက အဆိုတစ်ခုတင်သွင်း၍ မိမိ၏အဆို မအောင်မြင်လျှင် သဘောကြီးကြီးထားရမည်။

ဥပမာ – အသင်းတစ်ခုတွင် ဥက္ကဋ္ဌ ရွေးကောက်ရာ၌ ဦးဖြူနှင့် ဦးမဲအရွေးခံကြ၏။ ဦးဖြူကလည်း မိမိအရွေးခံရအောင် တရားသောနည်းလမ်းဟူသမျှနှင့် အမျိုးမျိုးကြိုးစားနိုင်သည်။ ဦးဖြူကို ကြည်ညိုသူများကလည်း ဦးဖြူ မဲအများကြီးရအောင် အစွမ်းကုန် ဆောင်ရွက်ကြရပေမည်။ ဦးမဲနှင့် ဦးမဲ၏ လူတစ်စုကလည်း ဤအတိုင်း ပြုလုပ်ကြရပေလိမ့်မည်။ စည်းကမ်းဥပဒေနှင့် ညီညွတ်စွာ နှစ်ဘက်လုံး ကြိုးစားချင်သလောက် ကြိုးစားနိုင်ခွင့်ရှိ၏။ သို့သော် မိမိတို့ သန်ရာသန်ရာ လွတ်လပ်စွာ မဲအသီးသီးပေးကြပြီးနောက် ဦးဖြူက မဲပိုရ၍ အရှုံးပေါ်လျှင် ဦးမဲသည် စိတ်ကောင်းထားခါ၊ ဦးဖြူ အလုပ်လုပ်ခြင်းကောင်း

www.burmeseclassic.com



အသင်းတစ်ခုလုံး၏ အကျိုးကို ကြည့်၍ ဦးဖြူအား အစွမ်းကုန် ကူညီအားပေးရပေလိမ့်မည်။ ဦးမဲ၏ လူစုကလည်း ဤနည်းအတိုင်း ပြုကျင့်ရပေလိမ့်မည်။ အကယ်၍ ဦးမဲက ဤသို့သဘောကြီးကြီး မထားနိုင်ဘဲ မိမိ ဥက္ကဋ္ဌမဖြစ်ရသောကြောင့် ဦးဖြူကို ကပ်ဖဲ့လျှောက်လုပ်နေပါလျှင် ဦးဖြူသာမဟုတ် အသင်းကြီး တစ်ခုလုံး နစ်နာကုန်လိမ့်မည်။ ဤသို့လုပ်လျှင် "ငါမှ မင်းသားကြီး မဖြစ်ဘဲ ပတ်မကြီး ငါဖောက်ပစ်မည်" ဟူသော စိတ်ထားမျိုးနှင့် ထပ်တူထပ်မျှ ဖြစ်နေပေလိမ့်မည်။ ဤစိတ်ထားမျိုးကို ထားလျှင် ဒီမိုကရေစီ စနစ်အတိုင်း ဘာအလုပ်မှ လုပ်၍ ဖြစ်တော့မည်မဟုတ်။

ယခုပြီးခဲ့သော စစ်ကြီးအတွင်း၌ပင် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် မစ္စတာရုစဘဲ့နှင့် မစ္စတာဝင်ဒယ်လ်ဝီလကီတို့ ယှဉ်ပြိုင်အရွေးခံကြ၏။ ရုစဘဲ့ကနိုင်၍ ဝီလကီက ရှုံးသွား၏။ ထိုအခါက ဝီလကီက ပတ်မကြီးကို ဖောက်ပစ်ရန် လုံးဝ စိတ်မကူးဘဲ ရုစဘဲ့ကို အမျိုးမျိုးကူညီ၏။ ကူညီရုံမျှမကသေး၊ ရုစဘဲ့က စေလွှတ်သည့်အတိုင်း အမေရိကန်နိုင်ငံ၏ ကိုယ်စားလှယ်ကြီးတစ်ဦးအနေနှင့် ဥရောပတိုက်တစ်တိုက်လုံးကို လှည့်လည်၍ အခြေအနေကို စုံစမ်းဆွေးနွေးပြီးလျှင် သမ္မတဖြစ်သူ ရုစဘဲ့အား ပြန်လည်ကာ အစီရင်ခံစာများ တင်သွင်းခဲ့သေး၏။ ဤနည်းအားဖြင့် မိမိနိုင်ငံ၏ အကျိုးကို ဆောင်ရွက်ခဲ့၏။ ဤမျှ သဘောကြီး၏။ ဤသဘောမျိုး၊ ဤစိတ်ထားမျိုးကို ဒီမိုကရေစီစိတ်ထား အစစ်မှန်ဟု ခေါ်ရ၏။

ဒီမိုကရေစီနည်းစနစ်အတိုင်း အုပ်ချုပ်သော နိုင်ငံတစ်ခု၏ ဥပဒေပြု အဖွဲ့တွင် "အစိုးရ" က တစ်ဘက် "အတိုက်အခံ" က





တစ်ဘက် နှစ်ဘက်ရှိမြဲ ဖြစ်သည်ကား မှန်၏။ သို့သော် "အစိုးရ" မဖြစ်နိုင်၍ "အတိုက်အခံ" ဘဝကို လက်ခံရသော လူတစ်စုသည် မင်းသားကြီး မဖြစ်လို့ရှိမှ ပတ်မကြီး ဖောက်ပစ်လိုက်မည်ဟု သဘောမျိုးထားကာ အရမ်းကာရော လျှောက်လုပ်နေရမည်မဟုတ်။ "အတိုက်အခံ" ဘက်က လူတစ်စုသည် "အစိုးရ" လုပ်သူများကို အမြဲစောင့်ကြည့်၍ ခြေလှမ်းမမှားအောင် ထိန်းပေးသွားရမည် မှန်၏။ "အစိုးရ" လုပ်သူများကလည်း "အတိုက်အခံ" ဘက်က လူတစ်စု၏ အပြစ်ရှာမှုကို ကြောက်ပြီး အမှားဟူ၍ လုံးဝမရှိအောင် တတ်အားသမျှ သတိပြုသွားကြရမည်မှန်၏။ သို့သော် "အစိုးရ" နှင့် "အတိုက်အခံ" အကြောင်းမဲ့ ရန်ဖြစ်နေပြီး အချိန်ကုန်ကာ နိုင်ငံ မနစ်နာသင့်ပေ၊ မင်းသားကြီးနေရာကို လုနေကြသောကြောင့် ကြားထဲက ပတ်မကြီး အဖျောင်အပေါက်ခံရမည်ဆိုလျှင် အလွန်နစ်နာပေလိမ့်မည်။ ထို့ကြောင့် မည်သည့်ကိစ္စ၌မဆို၊ နိုင်ငံ၏ အကျိုးအများ၏ အကျိုးကို မေ့မထားဘဲ စိတ်ကောင်းသဘောကောင်းနှင့် ဆောင်ရွက်ရန် သင့်လှပေသည်။

အင်္ဂလန်နိုင်ငံတွင် ၁၉၃၅ ခုနှစ်က တစ်ခါ ပါလီမန်လူကြီးရွေးကောက်ပွဲကို ကျင်းပခဲ့၏။ ထိုနောက် ၁၉၄၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ အသစ်တစ်ခု ထပ်၍ ကျင်းပရန် အချိန်စေ့၏။ သို့သော်ငြား ၁၉၄၀ ပြည့်နှစ်တွင် စစ်ကြီးဖြစ်၍ အင်္ဂလန်အတွက် အတော်အရေးကြီးနေပြီ ဖြစ်သောကြောင့် လူသစ်တွေ ထပ်၍မရွေးဘဲ လူဟောင်းတွေနှင့်ပင် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ဆက်လက် ဆောင်ရွက်ခဲ့၏။ ဤသို့ တစ်နှစ်ပြီးတစ်နှစ် ဆက်၍ဆက်၍ လာခဲ့သည်မှာ ဂျာမနီကိုနိုင်ပြီး ၁၉၄၅ ခုနှစ်ကျမှ ပါလီမန်လူကြီး ရွေးကောက်ပွဲကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျင်းပကြရ၏။ ဤမျှမကသေး၊ စစ်ကြီးအတွင်းတွင် မင်းသားကြီးနေရာကို ဝိုင်း၍ လုမနေကြဘဲ၊ စစ်နိုင်ရေးအတွက် အတော်ဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သူ မစ္စတာဝင်စတန်ချာချီကို နန်းရင်းဝန် တင်မြှောက်ကာ အားလုံးအဖွဲ့တွေပေါင်း၍ ညီညီညွတ်ညွတ်ကြီး ဆောင်ရွက်ခဲ့ကြ၏။ ဘေးဥပါဒ်အန္တရာယ်တွေ ကင်းရှင်းသောအခါကျမှ ရွေးကောက်ပွဲအသစ် ကျင်းပပြီးလျှင် မစ္စတာချာချီ၏ နန်းရင်းဝန်နေရာတွင် မစ္စတာအက်တလီကို တင်မြှောက်ခဲ့ကြ၏။ မစ္စတာ ချာချီသည် သူ၏အဖွဲ့မပြုတ်အောင် သူလည်း မပြုတ်အောင် မီးကုန် ယမ်းကုန် ရွေးကောက်ပွဲတွင် ကြိုးစားခဲ့သည် မှန်၏။ အသက် ၇၀ ကျော်ရှိ မစ္စတာချာချီသည် လေးရက်အတွင်း ခရီးမိုင်ပေါင်း တစ်ထောင်ကျော်သွားပြီး တရားပွဲပေါင်း လေးဆယ်ပြည့်အောင် ဟောပြောခဲ့၏။ ဤမျှနှင့် အားမရသေး၍ ခရီးထွက်ရာက ပြန်ရောက်လာပြီး နောက်တစ်နေ့တွင် လန်ဒန်၊ ဘီ-ဘီ-စီ အသံလွှင့်ရုံကနေ၍ ကိုယ့်အဖွဲ့အတွက် ကိုယ့်အတွက် မဲရအောင် အသံလွှင့်လိုက်သေး၏။ ဤမျှကြိုးစားအားထုတ်ခဲ့သော်လည်း ယခု မိမိ၏ အဖွဲ့ရှုံး၍ မိမိကိုယ်တိုင် နန်းရင်းဝန်ဘဝက လျှော၍ကျသောအခါ မစ္စတာချာချီသည် ပတ်မကြီးကို ဖောက်ပစ်ရန် လုံးဝစိတ်မကူး။ မစ္စတာချာချီ ခေါင်းဆောင်သော "အတိုက်အခံ" နှင့် မစ္စတာအက်တလီ ခေါင်းဆောင်သော "အစိုးရ" သည် ပါလီမန်အစည်းအဝေးများတွင် တစ်ဘက်ကိုတစ်ဘက် ဘယ်လိုပင် ကျီစယ်ကာ နေကြစေကာမူ၊ အရေးကြီးသော ကိစ္စအဝဝ၌ကား မိမိတို့၏ နိုင်ငံကြီး ချမ်းသာအောင်၊ ကြီးပွားအောင်၊ ဂုဏ်ရှိအောင် တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် အမြဲဆောင်ရွက်လျက်ရှိနေကြမည်ကား မလွဲပေတည်း။





အစည်းအဝေးတစ်ခုတွင် အဆိုတင်သွင်းရာ၌လည်း ဤနည်းအတိုင်းပင်။ အဆိုရှုံးလျှင် အဆိုတင်သွင်းသူသည် သဘောကြီးကြီး ထားရပေမည်။ အဆိုနိုင်သွားလျှင်လည်း ကန့်ကွက်သူသည် သဘောကြီးကြီး ထားရပေမည်။ အသင်းတစ်ခု၏ အစည်းအဝေးတွင် ဦးဖြူက လစဉ်ကြေးကို ငါးမူးမှ တစ်ကျပ်အထိ မြှင့်တင်ရန် အဆိုသွင်း၍ ဦးမဲက ကန့်ကွက်ပြီး ဦးဖြူ၏ အဆိုနိုင်သွားသည့် ဥပမာတွင် ဦးမဲသည် မိမိ၏ ကန့်ကွက်ချက်ရှုံးသော်လည်း သဘောကြီးကြီးထားပြီးလျှင် အတည်ပြုလိုက်သော ဦးဖြူ၏အဆိုကို မိမိ၏ အဆိုကဲ့သို့ပင် သဘောထားရမည်။ ကန့်ကွက်သောအခါ၌ကား အားမနာပါးမနာ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် ကန့်ကွက်နိုင်သည်ကား မှန်၏။ သို့သော် မိမိ၏ ကန့်ကွက်ချက်ရှုံးသည်နှင့် တစ်ပြိုင်နက် ခွထိုးခြင်း၊ ကပ်ဖဲ့ လုပ်ခြင်းတို့ကို မပြုလုပ်ပါဘဲ၊ စိတ်ကောင်း စေတနာကောင်းနှင့် ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရပေလိမ့်မည်။ ဦးမဲကိုယ်တိုင်က အသင်းလစဉ်ကြေးတစ်ကျပ်ကို လိုလိုချင်ချင် ရှေ့ဆုံးကနေ၍ ပေးရန်သင့်လှပေသည်။

ဒီမိုကရေစီစနစ်အတိုင်း အသင်းအပင်းကိစ္စ၊ ရပ်ရွာကိစ္စ၊ နိုင်ငံကိစ္စများတွင် စုပေါင်းဆောင်ရွက်ကြရာ၌ ပုဂ္ဂိုလ်ကို မခင်ဘဲ ဝါဒကို မင်ရန် အရေးကြီးလှပေ၏။ အတူတူနေတိုင်း၊ အိမ်နားနီးချင်းဖြစ်တိုင်း- လူကိုခင်တိုင်း၊ ဆွေမျိုးတော်တိုင်း အယူဝါဒချင်း တူရမည် မဟုတ်။ ဝါဒဆိုသည်မှာ လူများယောင်၍ လိုက်၍ယောင်ရသော ကိစ္စမျိုး မဟုတ်။ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဟုဆိုကာ လွယ်လွယ်နှင့် လက်ခံသိမ်းပိုက်ရသော ကိစ္စမျိုးလည်းမဟုတ် အသေအချာ ပိုင်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မိမိ၏ ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်ကာ ရွေးချယ်ယူဆရသော ကိစ္စမျိုးဖြစ်၏။ ထို့ကြောင့် ဝါဒကိစ္စတွင် တစ်ဦးကို တစ်ဦး အနှောင့်အယှက်မပြုသင့်၊ ကိုယ်သန်ရာ ကိုယ်ယူဆရန် လွတ်လပ်ခွင့်ရှိစေရမည်။ အင်္ဂလန်နိုင်ငံတွင် အဖနှင့်သား၊ လင်နှင့်မယားပင် တစ်အိမ်တည်း အတူနေသော်လည်း ဝါဒချင်းမတူဘဲ ရှိကြသည်မှာ အများအပြားပင်။ ဤသို့ ဝါဒချင်းမတူသော်လည်း တစ်ဦးအပေါ်၌ တစ်ဦး သဘောကြီးကြီးထားကာ အတူတကွ သင့်သင့်မြတ်မြတ် နေထိုင်နိုင်ကြ၏။ ဤသို့ သဘောကြီးကြီးထားခြင်းသည်ပင် ဒီမိုကရေစီစိတ်ထား အစစ်အမှန်ဖြစ်၏။

## လူကြီးနေရာ

ရွေးကောက်ပွဲများတွင် အရွေးခံ၍ မဲအများဆုံးရပြီး လူကြီးဖြစ်ကြသူများကလည်း မိမိတို့၏တာဝန်ကို မိမိတို့ ကောင်းစွာသိရပေမည်။ လူကြီးနေရာသို့ရောက်လျှင် လူကြီးလိုနေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်၊ ကျင့်ကြံတတ်မှ သင့်ပေလိမ့်မည်။

အများ၏မဲနှင့် လူကြီးဖြစ်သူတစ်ယောက်သည် အများအကျိုးကိုဆောင်ရန် အမြဲ စိတ်ကူးနေရမည်။ ငါသည် အများ၏အကျိုးကို ဆောင်နိုင်ပြီဟူ၍ အောက်မေ့ကာ ဝမ်းမြောက်သင့်လှပေသည်။ ဆောင်လည်း ဆောင်ရပေမည်။ လူကြီးဖြစ်ပြီဟု ဆိုကာ အာဏာပြရန်၊ မော်ရန်၊ ကြွားရန်၊ ဟန်ကြီးပန်ကြီးလုပ်ရန် လုံးဝ စိတ်မရှိသင့်။ မိမိ၏အချိန် မိမိ၏အသိအလိမ္မာဉာဏ်ပညာ၊ မိမိ၏ ဗဟုသုတဟူသမျှကို တတ်အားသမျှ အများအတွက် အစွမ်းကုန် အသုံးပြုတော့မည်ဟု ခံကာ အလုပ်ကို တွင်တွင်ကြီး လုပ်သင့်လှပေသည်။

အများ၏မဲနှင့် လူကြီးဖြစ်လာပြီးလျှင် အရက်မူးနေလျှင်၊ ဖဲရိုက်နေလျှင်၊ အပျော်အပါးလိုက်နေလျှင် အများကို စော်ကားရာ



www.burmeseclassic.com

ရောက်ပေလိမ့်မည်။ အများ၏ ကိုယ်စားလှယ်လုပ်သူသည် မိမိအား မဲပေးလိုက်သော မဲရှင်များ၏ လိုအင်ဆန္ဒကို မကြာခဏပြန်၍ မေးသင့်၏။ မိမိ၏မဲရှင်များကို မေ့မထားဘဲ၊ ပစ်မထားဘဲ အခါအခွင့် သင့်တိုင်းသင့်တိုင်း တွေ့ဆုံဆွေးနွေးရမည်။ နိုင်ငံကြီးတစ်ခုလုံး၏ လိုအင်ဆန္ဒ ဘယ်လိုရှိသည်ကိုလည်း အမြဲစုံစမ်း၍ နေသင့်၏။ စာဖတ်သင့်၏။ ဗဟုသုတရှာသင့်၏။ မသိသည်ကို သိအောင်လုပ်သင့်၏။ အများကိုယ်စားလှယ် လူကြီးတစ်ဦး လုပ်နေပြီးမှ သာမန်ကျောင်းသူကျောင်းသားကလေးများလောက်မှ မသိနားမလည်ပါလျှင် များစွာ ရှက်စရာကောင်းပေလိမ့်မည်။ လူများရှေ့က နေလိုလျှင် လူများထက် သိအောင် တတ်အောင် ကြိုးစားရပေမည်။

လူကြီးလုပ်သူသည် အပျော်အပါးကြူးမနေဘဲ ပျင်းရိမနေဘဲ အစည်းအဝေးများကို မှန်မှန်တက်သင့်လှပေသည်။ အစည်းအဝေးများသို့ ရောက်သောအခါလည်း အိပ်ငိုက်မနေဘဲ နိုင်ငံ၏အကျိုး အများ၏အကျိုးကို မျှော်ကိုးကာ မိမိတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သင့်လှပေသည်။ နိုင်ငံတစ်ခုလုံး၏ နောင်ရေး၊ အများ၏ နောင်ရေးသည် မိမိ၏အပေါ်၌ တည်လျက်ရှိသည်ကို မမေ့သင့်။ မိမိ ပေါ့လျှင် မိမိဖျင်းလျှင်၊ မိမိလစ်ဟင်းလျှင် နိုင်ငံ၏အချိန်၊ အများ၏ အချိန်၊ နိုင်ငံ၏ငွေ၊ အများ၏ငွေတွေကို အလဟဿ ဖြုန်းပစ်ရာ ရောက်မည်ကို မမေ့သင့်။

လူကြီးလုပ်သူသည် သာမန်ထက် ပို၍ မဲ၏တန်ဖိုးကို သိသင့်လှ၏။ မဲ၏တန်ဖိုးကို သိရမည်ဟု ရောင်းစားလျှင် ပေါက်ဈေး ဘယ်လောက်ရှိသည်ဟု သိရမည် ဆိုလိုသည်မဟုတ်။ လူကြီးလုပ်





သူသည် မဲကို ဘယ်တော့မှ ရောင်းမစားရဟု ဆိုလိုသည်။ အများက ယုံကြည်လေးစား၍ ရွေးကောက်တင်မြှောက်လိုက်၍ လူကြီးတစ်ဦး ဖြစ်နေလို့ ရှိမှဖြင့် မိမိပိုင်သော မဲတစ်ခုကို ငွေနှင့်လည်း မလဲလိုနှင့် တော့၊ နိုင်ငံ၏အကျိုး အများ၏အကျိုးအတွက်သာ လှလှကြီး အသုံး ပြုရန် ကိုယ့်မဲကိုကိုယ် တရိုတသေ ထားလေတော့။ အချိန်ကျသော အခါ မှန်သည်ဘက်ကနိုင်အောင် ရဲရဲကြီးအသုံးပြုလေတော့။

သတ္တိမရှိလျှင် လူကြီးမလုပ်ပါလေနှင့်။ ပြောရဲ ဆိုရဲမရှိလျှင် ရှေ့ဆောင်လုပ်၍ မလျော်။ "မပြောမပြီး၊ မတီးမမြည်" ဟူသော စကားရှိ၏။ မပြောမပြီးသော စကားကိုပြောရပေမည်။ တီးသင့်သော တီးလုံးရှိလျှင်လည်း တီးရပေမည်။ လူကြီးဖြစ်လျှင် သူများကြိုးဆွဲ တိုင်း မကသင့်။ ကိုယ့်တီးလုံးနှင့်ကိုယ် ကနိုင်မှ အကျိုးရှိ၏။ လူကြီး လုပ်လျှင် အမှန်ကို ပြောရဲသောသတ္တိ၊ အသစ်ကို ထွင်ရဲသောသတ္တိ ရှိသင့်လှသည်။ သူများ ရန်မူမှာ၊ သူများ ဆဲမှာ၊ သူများ အပြစ်တင်မှာ ကြောက်လွန်းနေလျှင် အလုပ်မပြီး။ အမှားလုပ်မိ၍ နိုင်ငံကို ရောင်း စားမိမှာကိုသာလျှင် ကြောက်သင့်၏။

လူကြီးလုပ်မည့်သူသည် မလုပ်မီက ဝိသုဒ္ဓိမနော သန့်ရှင်း ခင်ကြယ်ခြင်းသဘောနှင့် ပြည့်စုံသင့်လှသည်။ မဲလိမ်၍ လုစားထိုး ၍၊ လာဘ်ပေး၍၊ သူတစ်ပါးကို မတရားကျင့်၍ လူကြီးဖြစ်အောင် မလုပ်သင့်။ လူကြီးဘဝသို့ ရောက်သောအခါလည်း ဝိသုဒ္ဓိမနော သန့်ရှင်းစင်ကြယ်ခြင်းသဘောနှင့် အမြဲပြည့်စုံသင့်လှ၏။ နေရာတိုင်း တွင် လူကြီးပီပီ ကျင့်ကြံသင့်၏။ သူတစ်ပါးအပေါ်၌ ခြောက်လိုက် ရန် သူတစ်ပါးအား စော်ကားရန် မကြံသင့်။ ကလေးကလားအမူမျိုး

www.burmeseclassic.com



သိမ်ဖျင်းသော အလုပ်မျိုးကို ဘယ်တော့မှ မလုပ်သင့်။ သဘောကြီး ကြီးထားသင့်၏။ ဦးဖြူနှင့် ဦးမဲ ဥပမာတွင် ဦးဖြူသည် မဲရွေးရာတွင် အနိုင်ရ၍ လူကြီးဖြစ်သည်နှင့်တပြိုင်နက် ဦးမဲစိတ်ချမ်းသာ အောင် အရာရာ သတိနှင့် ဆောင်ရွက်ရမည်။ အင်္ဂလိပ်လက်ဝှေ့ပွဲကျင်းပရာတွင် နိုင်သူက ရှုံးသူကို လက်ဆွဲနှုတ်ဆက် ဖက်နမ်းရှုံ့ခြင်း ပြုသလို ဦးဖြူက ဦးမဲအပေါ်တွင် ပြုရမည်။ ဦးမဲက မလှမ်းမီ ဦးဖြူက ကမ်းရမည်။ ဦးမဲက မဆွတ်လျှင် ဦးဖြူက ညွှတ်ပေးရမည်။ ဦးဖြူသည် ဦးမဲ၏အပေါ်တွင် "သဘော်ခွေး အမြီးထောင် ဒို့ဟောင် ကြည့်တဲ့ဖိနပ်" ဟူသော အနေမျိုး အပြောမျိုးနှင့် ဘယ်အခါမှ တန်းမပြရ။ မနိုင်သော ညဉ့်လည်း ဦးမဲ၏ အိမ်ရှေ့သို့သွား၍ မိမိ၏တပည့်များကို "လိပ်ဥပျောက်လို့ လိပ်မရှာ၊ သူ့ခမြာ ငိုရဲ့ ငိုရဲ့" ဟူသော သဘောမျိုးနှင့် သံချပ်များကို မထိုးစေရ။

လူကြီးလုပ်သူသည် သမာဓိ ရှိရမည်။ မိမိနေရာတွင် ခန့်ခန့်ကြီးနေ၍ မိမိနှင့် မဆိုင်သော မတန်သာ ကိစ္စကလေးများတွင် ဝင်၍ မစွက်သင့်။ ဘယ်သူ့ကို ရာထူးတိုးပေးလိုက်ပါ၊ ဘယ်သူ့ကို သေနတ်လိုင်စင်ရအောင် လုပ်ပေးလိုက်ပါ၊ ဘယ်သူ့ကို နယ်ပြောင်းပေးလိုက်ပါ၊ ဘယ်သူ့ကို အမြဲတမ်း ခန့်ပေးလိုက်ပါဟု လိုက်၍ ပြောနေရန်ကား မဲနှင့်တက်သော လူကြီး၏ အလုပ်မဟုတ်။ ကိုယ်စားလှယ် လူကြီးလုပ်သူသည် နိုင်ငံ၏ အစေခံ၊ အများ၏ ဘုံကျွန်ဖြစ်သည်မှန်၏။ သို့သော် မဖွယ်ရာသော အလုပ်မျိုးကို လုပ်ရမည့် အစေခံလုပ်ရမည့် ကျွန်မျိုးကား မဟုတ်။ အထက်တန်းစား အစေခံ အထက်တန်းစား ကျွန်မျိုးဖြစ်ကြောင်းကို မိမိကိုယ်မိမိ သိရမည်။





လူကြီးလုပ်သူသည် အစိုးရအရာရှိအမှုထမ်းများအားလည်း မဆိုင်သည့် ကိစ္စများကို အာဏာပြ၍ မတရားခိုင်းစေရန် အကြောင်းမရှိ။ အစိုးရအရာရှိ အမှုထမ်းတို့ မည်သည်မှာ နိုင်ငံရေးသမားများ၏ ကိစ္စများတွင် ဝင်ရှုပ်နိုင်သောလူများ မဟုတ်၊ ၎င်းတို့၏ တာဝန်မှာ သမာသမတ်နေ၍ လက်ရှိအစိုးရလုပ်သူတို့၏ အမိန့်ကို တစ်သသဝေတိမ်းနာခံရန်သာ ဖြစ်၏။ မိမိနှင့်မဆိုင်သော ကိစ္စများတွင် ဝင်၍ လုယယ်လုပ်ပြီး ခြေရှုတ်သော အစိုးရအရာရှိ အမှုထမ်းများသည်လည်း အစိုးရအရာရှိ အမှုထမ်းတို့ လိုက်နာအပ်သည့် စည်းကမ်းနှင့် ညီသဖြင့် မကြာမီ အပြစ်ဒဏ် ခံကြရပေလိမ့်မည်။ ထို့ကြောင့် အစိုးရအရာရှိ အမှုထမ်းများကို ခြေလှမ်းမှားအောင် သင်ပေးသော၊ အားပေးသော ခေါင်းဆောင်လူကြီးသည် ထိုအရာရှိ အမှုထမ်းများကို ချောက်တွန်းသည်နှင့်တူပေလိမ့်မည်။

နိုင်ငံရေးရာကိစ္စများ၌သာ မဟုတ်။ ရပ်ရွာကိစ္စ၊ အသင်းအပင်းကိစ္စများတွင်လည်း ဤနည်းအတိုင်းပင် မဲနှင့်တက်သော လူကြီးများသည် အရာရာတွင် နည်းလမ်းတကျဖြစ်အောင် ဆင်ခြင်၍ ကျင့်ကြံဆောင်ရွက်ကြရပေမည်။ ဤသို့ ကျင့်ကြံဆောင်ရွက်နိုင်ကြမှလည်း "ခေါင်းက မိုးမလုံ" ဟူသော စကားအတိုင်းမဖြစ်ဘဲ ဒီမိုကရေစီစိတ်ထား အစစ်အမှန်ကို ထားရာရောက်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်စွာ စဉ်းစားခွင့်

ဒီမိုကရေစီ၏ ရည်ရွယ်ချက်မှာ အရာအရာတွင် အမှန်ဆုံး၊ အကောင်းဆုံးဖြစ်ရန် ဖြစ်၏။ အမှန်ဆုံးတရား၊ အကောင်းဆုံးနည်းမည်သည်မှာ လူ၏ ဦးနှောက်ထဲမှ ပေါ်ထွက်လာနိုင်သော ကိစ္စများဖြစ်၏။ လူဆိုသည်မှာလည်း ဘယ်လူဟူ၍ တင်ကြို၍သိနိုင်သော အရာမျိုးမဟုတ်။ အမျိုးမထင်ရှား၊ ဥစ္စာမရှိ၊ ပညာမဲ့သည်ဟု ထင်ရသူ အညတရပုဂ္ဂိုလ်တစ်ဦး၏ ဦးနှောက်မှလည်း အမှန်ဆုံးတရား၊ အကောင်းဆုံးနည်းများ ပေါ်ထွက်လာတတ်လေသည်။ ဒီမိုကရေစီသည် လူတစ်ဦးတစ်ယောက်တည်း၊ လူတစ်စုတည်း၏ ဦးနှောက်ကို အားကိုးသော စနစ်မျိုးမဟုတ်၊ ရှိသမျှ လူအားလုံး၏ ဦးနှောက်တွေကို အားကိုးသောစနစ်မျိုး ဖြစ်၏။ ထို့ကြောင့် လူတိုင်းလူတိုင်း မိမိ၏ ဦးနှောက်ကို လွတ်လပ်စွာ အသုံးပြုခွင့် ပေးရမည်။ လူတိုင်းလူတိုင်း၌ လွတ်လပ်စွာ စဉ်းစားခွင့်၊ စိတ်ကူးခွင့် ရှိစေရမည်။

လောကတွင် လူတစ်ယောက် အသက်ရှင်ရန်အတွက်၊ ကိုယ်ကာယအဖို့သာ အစာအဟာရ လိုသည်မဟုတ်။ စိတ်အတွက်





လည်း အစာအာဟာရ လိုလှသေး၏။ ကိုယ်သည် အစာအာဟာရ မှီဝဲခွင့်ရှိမှ သန်မာဖွံ့ဖြိုးနိုင်သကဲ့သို့ စိတ်သည်လည်း အစာအာဟာရကို မှီဝဲခွင့်ရမှ သန်မာဖွံ့ဖြိုးနိုင်၏။ လူတစ်ယောက်သည် မိမိ၏ ကိုယ်အတွက် အစာအဟာရအမျိုးစုံကို လွတ်လပ်စွာ ရှာဖွေမှီဝဲနိုင်သကဲ့သို့ပင် မိမိ၏စိတ်အတွက်လည်း အစာအဟာရအမျိုးစုံကို လွတ်လပ်စွာ ရှာဖွေမှီဝဲနိုင်သင့်ပေသည်။ စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်သေ၊ ရုပ်ရှင်၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ စာဟောသံ၊ စာပြောသံ၊ ဇာတ်စကားသံ၊ အသံလွှင့်သံ စသည်တို့ အားလုံးသည် စိတ်အတွက် အစာအဟာရကောင်းများ ဖြစ်ကြသည်ဟု မှတ်ရမည်။ လူတစ်ယောက်ကို လွတ်လွတ်လပ်လပ် ထိထိရောက်ရောက် စဉ်းစားစိတ်ကူးနိုင်အောင် ၎င်း၏စိတ်အတွက် ဤအစာအာဟာရများကို အလိုရှိသလို မှီဝဲအသုံးပြုနိုင်စေရမည်။

နိုင်ငံတွင် အရာရာတွင် လွတ်လွတ်လပ်လပ် ရှင်းရှင်းလင်းလင်းရှိမှ စိတ်ပျော်၏။ စိတ်ပျော်မှ ဉာဏ်ထွက်၏။ ဉာဏ်ထွက်မှ အကျိုးရှိအောင် စဉ်းစားနိုင်၏။ စိတ်ကူးနိုင်၏။ ဝေဖန်နိုင်၏။ လွတ်လပ်စွာ စဉ်းစားစိတ်ကူးဆင်ခြင်ဝေဖန်နိုင်ရန် အကြောက်တရား မသိတရားကိုပယ်၍ မကြောက်တရား အသိတရားကို များနိုင်သမျှ များအောင် ကြိုးစားရမည်။ မကြောက်တရား တစ်ခုတည်းရှိပြီး အသိတရား မရှိလျှင် ဘယ်လိုပင် လွတ်လပ်စွာ စဉ်းစားစဉ်းစား အမှန်သို့ ရောက်နိုင်မည် မဟုတ်။ ထို့ကြောင့် လွတ်လပ်စွာ အကျိုးရှိအောင် စဉ်းစားလိုလျှင် မိမိကိုယ်မိမိ အသိတရားနှင့် ပြည့်စုံအောင် [illegible] ရှေးဦးစွာ အားထုတ်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ စဉ်းစားနိုင်သည်ဟုဆိုပြီး အရမ်းကာရော စည်းမဲ့ ကမ်းမဲ့ ထင်သလို စဉ်းစားနေတိုင်းလည်း ကောင်းသည် မဟုတ်။ ဒီမိုကရေစီ သဘောအတိုင်း အများ၏ အကျိုးကို မျှော်ကိုး ပြီး အများအတွက် မျှမျှတတ အမှန်အတိုင်း တရားသဖြင့် စဉ်းစား နိုင်မှ အကျိုးပေါ်နိုင်၏။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ ကံသုံးပါး ရှိရာတွင် မနောကံသည် အရေးကြီးလှ၏။ မနောကံကို လုံအောင် ထိန်းနိုင်လျှင် အခြားကံများကိုလည်း လုံအောင်ထိန်းနိုင်ရန်လမ်း များ၏။ ထို့ကြောင့် လွတ်လပ်စွာ စဉ်းစားရမည် မှန်သော်လည်း တရားလက်မလွတ်အောင် တရားတော်နှင့်ညီစွာ သန့်သန့်ရှင်းရှင်း မှန်မှန်ကန်ကန် စဉ်းစားရန် လိုလားအပ်လှပေသည်။

စိတ်သည် အရင်းခံဖြစ်၏။ စိတ်က စ၍ အရာရာ ဖြစ်ရ၏။ မနောကောင်းလျှင် နှုတ်လည်းကောင်း၍ အလုပ်လည်းကောင်းလာ ပေလိမ့်မည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်တစ်ခုတွင် စိတ်ကောင်း နှလုံးသွင်းသောသူများ အများကြီးရှိအောင် အားပေးရန်လို၏။ ဒီမို ကရေစီနိုင်ငံတစ်ခုတွင် စိတ်ကောင်းစိတ်မှန်တွေအများကြီး ပျံ့နှံ့နေရန် လိုလှ၏။ ဖြူစင်သန့်ရှင်း၍ မြင့်မြတ်သောစိတ်တွေ အများကြီး လွှမ်း မိုးနေရန် လိုလှ၏။ အတ္တဟိတ ပရဟိတ၊ သူ့အကျိုး ကိုယ့်အကျိုး ကိုကြည့်၍ ယောနိသော မနသိကာရ တရားတော်အတိုင်း သင့်တင့် လျောက်ပတ်စွာ နှလုံးသွင်းသော သူတော်ကောင်းစိတ်တွေ အများ ကြီး အားကောင်းနေရန် လိုလှ၏။ စိတ်ကောင်းလျှင် ဒီမိုကရေစီ ကောင်းမည်။ စိတ်ညံ့လျှင် ဒီမိုကရေစီအညံ့စားဖြစ်လာလိမ့်မည်။ စိတ် ကို ချုပ်ချယ်လျှင် ဒီမိုကရေစီကို ချုပ်ချယ်ရာ ရောက်ပေလိမ့်မည်။





ထို့ကြောင့် အထက်တန်းစားဒီမိုကရေစီကို အလိုရှိပါလျှင် အထက် တန်းစား ဒီမိုကရေစီစိတ်ထားမျိုး ထားရပေမည်။ အထက်တန်းစား ဒီမိုကရေစီ စိတ်ထားမျိုးဆိုသည်မှာ အခြားမဟုတ်။ မကြောက်တရား အသိတရားပေါ်မှာ အခြေပြု၍ တရားမျှတစွာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်ကြီး စဉ်းစားစိတ်ကူး ဆင်ခြင်ဝေဖန် နိုင်ခြင်းကိုပင် အထက်တန်းစားဒီမိုကရေစီစိတ်ထားမျိုးဟုဆိုလိုရင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်စွာ ပြောဆိုခွင့်

လွတ်လပ်စွာ ပြောဆိုခွင့်မရှိလျှင် ဒီမိုကရေစီ အလုပ်ကို ဘယ်နည်းနှင့်မျှ မလုပ်နိုင်။ အများ၏ သဘောအတိုင်း ဆောင်ရွက်ရမည်ဆိုလျှင် အများ၏သဘောကို သိရှိဖို့ ပထမ လိုပေလိမ့်မည်။ အများကို လွတ်လပ်စွာ ပြောဆိုခွင့်မပေးဘဲလည်း အများ၏ သဘောကို မသိနိုင်။ ထို့ကြောင့် လွတ်လပ်စွာပြောဆိုမှုသည် ဒီမိုကရေစီ၏ အုတ်မြစ်သဖွယ် ဖြစ်သည်ဟု ဆိုရပေမည်။

သို့သော် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်အရေးနှင့် တာဝန်သည် အတူတွဲလျက် ရှိ၏။ အခွင့်အရေးကိုသာ အလိုရှိပြီး တာဝန်ကို လက်မခံလိုလျှင် မဖြစ်နိုင်။ ဥပမာ မိမိကိုယ်တိုင် လွတ်လပ်စွာ ပြောဆိုရန် အခွင့်အရေးကို အလိုရှိပါလျှင် သူတစ်ပါးအားလည်း လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်ပေးပါမည်ဟု တာဝန်ယူရန် အသင့်ရှိပေလိမ့်မည်။ မိမိသာ လွတ်လပ်စွာပြောလို၍ သူတစ်ပါးကိုကား မပြောရဟုဆိုလျှင် မဖြစ်နိုင်။ မျှမျှတတ ရှိစေရမည်။ လွတ်လပ်စွာ





ပြောဆိုခွင့်ရှိသည်ဟုဆိုပြီး ထင်ရာတွေ တာဝန်မဲ့လျှောက်၍ ပြောနေလျှင်လည်း မသင့်၊ မှန်သည့်စကား အကျိုးရှိမည့်စကားကိုသာ ပြောရမည်။ ပြောသောအခါလည်း ယဉ်ကျေးသိမ်မွေ့စွာ ပြောရပေမည်။

"စကားခြောက်ခွန်း၊ လူ့ဌထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဟူ၍ ရှေးလူကြီးများ ဆိုဆုံးမဖူး၏။ စကားခြောက်မျိုးတွင် နှစ်မျိုးကို အသုံးပြုသင့်၍ ကျန်လေးမျိုးကို အသုံးမပြုသင့်ဟု ဆိုလိုသည်။ အသုံးပြုသင့်သည့် စကားနှစ်မျိုးမှာ (၁) မှန်ကန်အကျိုးရှိ၍ သူတစ်ပါး ကြားလိုသောစကားနှင့် (၂) မှန်ကန်အကျိုးရှိ၍ သူတစ်ပါး မကြားလိုသောစကား ဖြစ်၏။ မှန်လည်း မှန်ကန်သည်။ အကျိုးလည်း ရှိသည်။ သူတစ်ပါးလည်း ကြားလိုသည်ဆိုလျှင် အထူးစဉ်းစားနေရန်ပင် မလို။ ဤစကားမျိုးကား တွင်တွင်ကြီး ပြောရမည့်စကားမျိုးပင်ဖြစ်တော့၏။ မှန်၏။ အကျိုးရှိ၏။ သို့သော် သူတစ်ပါး မကြားလိုသော စကားဖြစ်မူ၊ ပြောဖြစ်အောင် ပြောရမည်ကား အမှန်ဖြစ်၏။ သို့သော် အလိမ္မာနှင့် ယဉ်ကျေးသိမ်မွေ့စွာ သူတစ်ပါး နားမထောင်လိုသည်ကို နားထောင်လိုအောင် ပြောရပေမည်။ အရမ်းပြော၍ လိုရာခရီးကို ရောက်မည်မဟုတ်။ မပြောတတ်လျှင် မှန်ကန်၍ အကျိုးရှိမည့် စကားပင် အကျိုးယုတ်စေပေလိမ့်မည်။ ထို့ကြောင့် စကားပြောရာ၌ တတ်အားသမျှ ယဉ်ကျေးသိမ်မွေ့စွာ တရားသဖြင့် ပြောဆိုတတ်ရန် အရေးကြီးလှပေ၏။

အသုံးမပြုသင့်သည့် စကားလေးမျိုးမှာ (၁) မှန်ကန်သော်လည်း အကျိုးမရှိ၍ သူတစ်ပါးကြားလိုသောစကား၊ (၂) မှန်ကန်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အကျိုးမရှိ၍ သူတစ်ပါးမကြားလိုသောစကား (၃) မမှန်ကန် သို့သော်လည်း အကျိုးရှိ၍ သူတစ်ပါးကြားလိုသောစကားနှင့် (၄) မမှန်ကန် အကျိုးမရှိ၍ သူတစ်ပါးမကြားလိုသောစကားများဖြစ်လေသည်။ ဤလေးမျိုးတွင် သုံးမျိုးကား အသုံးမပြုသင့်သော စကားများဖြစ်ကြောင်း ထင်ရှားလှ၏။ မမှန်ကန်၊ သို့သော် အကျိုးရှိမည့်စကားဖြစ်လျှင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ သူတစ်ပါး ကြားလိုသည်ဖြစ်စေ၊ မကြားလိုသည်ဖြစ်စေ၊ အဘယ့်ကြောင့် မပြောသင့်သနည်းဟု မေးဖွယ်ရာအကြောင်း ရှိကောင်းရှိပေလိမ့်မည်။ သို့ရာတွင် ဤစကားမျိုးကို မပြောသင့်ဟု ရှေးလူကြီးများက ပယ်သည်မှာ လူကြီးအချင်းချင်း အရေးကြီးသောကိစ္စများကို ဆင်ခြင်ဆွေးနွေးရာတွင် မှန်ကန်သော စကားကိုဆိုမှ အရှည်အကျိုးရှိနိုင်မည်။ မှန်ကန်သောစကားကိုဆိုမှ အဟုတ်အမှန်အကျိုးရှိနိုင်မည်။ မှန်ကန်သောစကားကို ဆိုမှ လုံးဝအပြစ်ကင်း၍ သူတော်ကောင်းတရားနှင့် ညီညွတ်မည်ဖြစ်သောကြောင့် ဤမမှန်ကန်သည့် စကားမျိုးကို ပယ်သည်ဟု မှတ်သင့်ပေသည်။

လန်ဒန်မြို့ရှိ "တိုက်ပတ်" ခေါ် ဥယျာဉ်တွင် တရားဟောပွဲများ ကျင်းပလေ့ရှိ၏။ နေသာသော နေ့တစ်နေ့တွင် ၎င်းဥယျာဉ်သို့ သွားလျှင် ဟိုနေရာ တစ်ပွဲ ဒီနေရာ တစ်ပွဲ တရားဟောပွဲများ ကျင်းပနေကြသည်ကို တွေ့ရမည် အမှန်ဖြစ်၏။ လူတစ်ယောက်က တစ်နေရာတွင် အဖြူပြောနေလျှင် ၎င်းနှင့်ကပ်လျက် အခြားတစ်နေရာတွင် အခြားလူတစ်ယောက်က ဆန့်ကျင်ဘက် အမဲကိုပင် လွတ်လွတ်လပ်လပ်ကြီး ပြောနေသည်ကို တွေ့ရှိရတတ်၏။ ကပ္ပလီလူမျိုး တစ်ဦးက





ထင်သလိုပြောဆိုနေသည်ကို မျက်နှာဖြူဥရောပတိုက်သားများ ဝိုင်း၍ နားထောင်နေကြသည်ကိုလည်း တွေ့ရတတ်၏။ အိန္ဒိယ တိုင်းသားများလည်း ဤသို့ ဟောပြောလေ့ရှိကြ၏။ မြန်မာအချို့လည်း ဟောပြောကြဖူး၏။ ဤဟောပြောပွဲများတွင် အရပ်ခြောက်ပေရှိသော ပုလိပ်အမှုထမ်းများ ရှိတတ်သည် မှန်၏။ သို့သော် ၎င်းတို့ကား ဘာမျှလုပ်ရန်မလို။ ပြောသူများကလည်း ကိုယ်ထင်ရာ ကိုယ်ပြောကြ၏။ တစ်ဦးကို တစ်ဦး အနှောင့်အယှက် မပြု။ နားထောင်သူ များကလည်း ငါမယုံ" ဟူသော စိတ်ထားမျိုးနှင့် နားထောင်ကြ၏။ နားမထောင်လိုက ထွက်သွားကြ၏။ ပြောတိုင်းလည်း မယုံ။ ယုံတိုင်းလည်း အရမ်းမလုပ်။ နားထောင်လိုသူ ထောင်။ မထောင်လိုသူ သွား။ ငါလည်း ငါပြောလိုရာပြောမည်။ မင်းလည်း မင်းပြောလိုရာပြော။ တစ်ယောက်ကို တစ်ယောက်အနှောင့်ယှက်တမ်း၊ မစော်ကားတမ်းဟု သဘောထားနိုင်ကြသောကြောင့် ဤသို့ လွတ်လွတ်လပ်လပ် ဟောပြောနိုင်ခွင့် ရှိကြခြင်းဖြစ်၏။ ဤသည်လည်း ဒီမိုကရေစီ စိတ်ထားအစစ်အမှန်ပင်ဖြစ်၏။ ရွေးကောက်ပွဲများတွင် မဲရအောင် အဖွဲ့အသီးသီး ပုဂ္ဂိုလ်အသီးသီးတို့ နိုင်ငံတွင် လှည့်လည်၍ တရားဟောပြောကြသော အခါများ၌လည်း လွတ်လပ်စွာ ဟောပြောနိုင်ခွင့်ရှိမှ ဒီမိုကရေစီ၏ ရည်ရွယ်ချက်အတိုင်း အထမြောက်ပေလိမ့်မည်။ ဤသို့ ဟောပြောကြသောအခါ အဟုတ်အမှန်ကို လူအများ သိစေရမည်ဟူသော စေတနာနှင့်သာ ဟောပြောသင့်ပေသည်။ နိုင်ငံကို လိမ်လည်လှည့်ဖြား ပြောဆိုလျှင်လည်း မတော်။ သူတစ်ပါးကို အကြောင်းမဲ့ ထိခိုက်ပုတ်ခတ်ဆဲဆိုနေလျှင်လည်း မတော်။ တစ်ဘက်သားကို မတရားသဖြင့်မဟုတ်မမှန် စွပ်စွဲဆိုလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မသင့်။ အကျိုးနှင့် အကြောင်းနှင့် နိုင်ငံမျက်စိပွင့်၍ လူအများ မဲအမှန်ပေးတတ်အောင် ယဉ်ကျေးစွာ အထက်တန်းကျကျ ပြောဟောနိုင်မှသာ အကျိုးရှိပေလိမ့်မည်။

အသင်းအစည်းအဝေးများ ရပ်ရွာဆိုင်ရာ နိုင်ငံဆိုင်ရာ အစည်းအဝေးများတွင်လည်း လွတ်လပ်စွာ စကားပြောဆိုခွင့်ရှိရန် အရေးကြီးလှ၏။ လွတ်လပ်စွာ စကားပြောနိုင်မှ တစ်ယောက်သဘောကို တစ်ယောက်သိ၍ တစ်ယောက်အမှားကို တစ်ယောက်ပြင်ပြီး အမှန်သို့ ရောက်အောင် ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ ဤအစည်းအဝေးများတွင် သဘာပတိလုပ်သူ၏ တာဝန်သည် အလွန်ကြီးလေးလှ၏။ သဘာပတိလုပ်သူသည် သဘာပတိ၏ နေရာတွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် မိမိ၏ စိတ်ကို သမာသမတ် ထားလိုက်ရမည်။ မိမိ၏ တာဝန်ဝတ္တရားမှာ အစည်းအဝေးကို အစမှအဆုံးအထိ တရားသဖြင့် အုပ်စီး၍ လူတိုင်းကို လွတ်လပ်စွာ စည်းမျဉ်းအတိုင်း စကားပြောဆိုခွင့်ပေးရန်ဖြစ်ကြောင်းကို မမေ့ရ။ သဘာပတိလုပ်သူသည် သဘာပတိနေရာက နေ၍ တစ်ဘက်ဘက်သို့ စိတ်ညွတ်၍ မိမိစိတ်ညွတ်ရာသို့ စိတ်နောက်ကိုယ်ပါ ပိုမိုအခွင့် အရေးပေးနေမိလျှင် ၎င်းအုပ်စီးသော အစည်းအဝေးသည် ဒီမိုကရေစီသဘောသက်ဝင်သော အစည်းအဝေး ဖြစ်နိုင်တော့မည် မဟုတ်ပေ။

အစည်းအဝေးတွင် အချိန်များစွာမရှိလျှင် သဘာပတိလုပ်သူက လူတစ်ယောက်လျှင် ဘယ်လောက်ကြာကြာ စကားပြောနိုင်သည်ဟု ကနဦးကစ၍ အချိန်ပေးကာ စည်းမျဉ်းချပေးထားရမည်။ အရင်လူ အရင်၊ နောက်လူ နောက်၊ တစ်ယောက်ပြီး တစ်ယောက်





ကိုယ့်အချိန်အတွင်း ကိုယ်ပြောလိုသော စကားများကို ကိုယ်ပြောလိုသောနည်းဖြင့် ပြောနိုင်ခွင့် ရှိစေရမည်။ ယဉ်ယဉ်ကျေးကျေးနှင့် ပြောနေသမျှ သဘာပတိလုပ်သူကလည်း ဝင်၍ နှောင့်ယှက်ရန် မလို။ အခြားလူများကလည်း ဝင်၍ နှောင့်ယှက်ရန် မသင့်။ တစ်ဦးဦးက နှောင့်ယှက်လျှင် သဘာပတိက အရေးယူရမည်။ လူတိုင်းလူတိုင်း ကိုယ့်အချိန်အတွင်း ကိုယ်ပြောလိုရာပြောနိုင်ခွင့် ရှိစေရမည်။ လူတိုင်း လူတိုင်းကလည်း သဘာပတိ၏ အမိန့်ကို နာခံရမည်။ သဘာပတိကို ရိုသေရမည်။ သဘာပတိကလည်း သမာသမတ်တရားသဖြင့် သဘာပတိပီပီ မျှမျှတတ ဆောင်ရွက်ရမည်။ သို့မှ ဒီမိုကရေစီသဘော သက်ဝင်ပေလိမ့်မည်။

နိုင်ငံတစ်ခုတွင် ဒီမိုကရေစီအစစ်ထွန်းကားစေလိုလျှင် အစိုးရကလည်း လူအများကို လွတ်လပ်စွာ ပြောဆိုခွင့် ပေးရလိမ့်မည်။ လူအများကလည်း မိမိတို့အချင်းချင်း လွတ်လပ်စွာ ပြောဆိုခွင့် ပေးရလိမ့်မည်။ ချုပ်ချယ်ခြင်း၊ ဖိနှိပ်ခြင်းဟူ၍ နိုင်ငံတွင် အလျဉ်းမရှိစေရ။ သို့သော် လူတိုင်းလူတိုင်းသည် မိမိ၏ လွတ်လပ်စွာ ပြောဆိုနိုင်သည့် အခွင့်အရေးကို နိုင်ငံအကျိုးအတွက်သာ တရားသဖြင့် အသုံးပြုတတ်ရန် လိုလှပေသည်။

အထူးသဖြင့် သတိပြုအပ်သော အချက်ကြီး တစ်ချက်မှာ တာဝန်မဲ့စကားများကို ပြောဆိုခြင်းမှ အထူးရှောင်ရှားရန်ပင် ဖြစ်၏။ မိမိကိုယ်တိုင် မှန်သည်ဟု အသေအချာမသိလျှင် ဘယ်စကားကိုမှ မပြောဘဲနေလျှင် ကောင်း၏။ အခြေမရှိသော ကောလာဟလစကား ပြောဆိုခြင်းကို အထူးဆင်ခြင်သင့်လှပေသည်။ ဖရုသဝါစာစကား၊



www.burmeseclassic.com

www.burmeseclassic.com



သမ္ဘပ္ပလာပဝါစာစကားများကို ဘယ်တော့မှ မပြောနှင့်။ အစည်းအဝေးများ၌ပင် စည်းကမ်းတကျ အကုန်ပြောရမည်။ အစည်းအဝေးပြီးမှ ဟိုလူ့ အပြစ်တင်၊ ဒီလူ့ အပြစ်တင် စကားကိုတာဝန်မဲ့ ပြောတတ်ခြင်းသည် မကောင်း။ စကားမည်သည်မှာ သူ့နေရာနှင့်သူ ရဲရဲဝံ့ဝံ့ ထိထိမိမိပြောတတ်မှ အဖိုးတန်သည်။ လွတ်လပ်စွာ စကားပြောခွင့် ရှိစေရမည်ဟု ဆိုရာ၌ မဟုတ်သော နေရာ၊ မဟုတ်သော အချိန်ကာလတွင် မဟုတ်သော စကားများကို တာဝန်မဲ့ ပြောချင်သလို ပြောဆိုခွင့် ရှိစေရမည်ဟု ဆိုလိုသည်မဟုတ်။

## လွတ်လပ်စွာ ရေးသားခွင့်

အသိအလိမ္မာ ဉာဏ်ပညာနည်းပါးသော နိုင်ငံတစ်ခုတွင် ဒီမိုကရေစီစနစ် အစစ်အမှန် ဘယ်တော့မှ မရှိနိုင်။ အသိအလိမ္မာ ဉာဏ်ပညာသည် ဒီမိုကရေစီ၏ အခြေခံတရားကြီးပင် ဖြစ်၏။ ဒီမိုကရေစီစနစ်ကို အသုံးပြုလိုလျှင် လူတိုင်းလူတိုင်း စဉ်းစားတတ်သောဉာဏ်၊ ဝေဖန်တတ်သောသတ္တိနှင့် ပြည့်စုံရပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံတွင် စာအုပ်အမျိုးမျိုး၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အမျိုးမျိုး အများကြီး လိုလှပေသည်။ လူတိုင်း လူတိုင်း လွတ်လပ်စွာ ရေးသားခွင့်၊ ထုတ်ဝေခွင့် ရှိစေရမည်။ သတင်းစာတိုင်း၊ ဂျာနယ်တိုင်း၊ မဂ္ဂဇင်းတိုင်းသည် မိမိတို့၏ ထင်မြင်ချက်ကို လွတ်လပ်စွာ ဖော်ပြနိုင်ခွင့် ရှိစေရမည်။

စာရေးဆရာများနှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အယ်ဒီတာများ၌ နိုင်ငံ၏မျက်စိကို ဖွင့်ပေးရန် ဝတ္တရားရှိ၏။ နိုင်ငံ၏ အလိုဆန္ဒကို ဖော်ပြရန် တာဝန်လည်း ရှိ၏။ နိုင်ငံ၏ အကျိုးကို မျှော်တိုး၍ အရာရာတွင် အကြောင်းအားလျော်စွာ ညွှန်ပြ၊ နှိုးဆော်၊ သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးရန် အရေးလည်းရှိ၏။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံ တစ်ခုတွင် စာရေးဆရာနှင့် အယ်ဒီတာများကို ချုပ်ချယ်ထားလျှင် သို့မဟုတ် မျက်နှာကြီး မျက်နှာငယ်လိုက်၍ မျက်နှာသာ ပေးသူကို ပေး၍ ဖိနှိပ်သူကို ဖိနှိပ်ထားပါလျှင် အမှားကြီး မှားပေလိမ့်မည်။ နိုင်ငံတွင် ရှိသမျှ စာရေးဆရာ၊ အယ်ဒီတာ ဟူသမျှကို မျှမျှတတ လွတ်လပ်ခွင့် ပေးထားရမည်။ စာရေးဆရာတိုင်း၊ အယ်ဒီတာတိုင်း စည်းကမ်းဥပဒေ ရှိသည့်အတိုင်း မိမိရေးသားလိုရာ လွတ်လွတ်လပ်လပ်ရေးသားခွင့် ရှိစေရမည်။ မည်သူမဆို စာရေးဆရာ၊ အယ်ဒီတာလုပ်လိုလျှင် လုပ်ခွင့် ရှိစေရမည်။

ဒီမိုကရေစီ နိုင်ငံတစ်ခုတွင် တတ်အားသမျှ မည်သည့်အမှုကို မဆို လူအများသိအောင်၊ ကျေနပ်အောင် ပွင့်ပွင့်လင်းလင်းကြီး ပြုလုပ်သင့်၏။ အဖုံးအဖိတွေ၊ အလျှို့အဝှက်တွေ နည်းနိုင်သမျှ နည်းသင့်၏။ ထို့ကြောင့် သတင်းထောက်များကို နေရာတိုင်းတွင် နေရာပေးသင့်၏။ ဓာတ်ပုံဆရာများကိုလည်း ဝင်ခွင့်၊ ထွက်ခွင့်ပြုသင့်လှ၏။ သို့မှ နိုင်ငံရှိ လူအများသည် သတင်းအမျိုးမျိုးကို ရရှိကြပေလိမ့်မည်။ ကိစ္စအဝဝတွင် အမှန်ကိုသိ၍ အမှန်အတိုင်း ဝေဖန်နိုင်ကြပေလိမ့်မည်။ အမှန်အတိုင်း စဉ်းစားဆင်ခြင်နိုင်ကြပေလိမ့်မည်။ ဒီမိုကရေစီသည် အလင်းရောင်ကို ကြိုက်သောဝါဒဖြစ်၏။ အမှောင်ကို အားကိုးသောဝါဒမျိုး မဟုတ်။ အသိတရားသာလျှင် အလင်းရောင်ကို ပေးနိုင်၏။ စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသည် အလင်းရောင်ဖြစ်အောင် ကူညီဖန်တီးပေးနိုင်ကြ၏။ ၎င်းတို့သည် အသိတရားကို ပြန့်ပွားအောင် များစွာ ပြုလုပ်ပေးနိုင်ကြ၏။ ထို့ကြောင့်





စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသည် ဒီမိုကရေစီ၏ မဟာမိတ်ကြီးများ ဖြစ်ကြ၏။

သို့သော် စာရေးဆရာနှင့် အယ်ဒီတာများသည် ဒီမိုကရေစီ စိတ်ထားရှိမှ ဒီမိုကရေစီကို အဟုတ်အမှန် ကူညီနိုင်ကြပေလိမ့်မည်။ "ငါသာလျှင် ထင်ရာရေးမည်။ သူ မရေးရ။ ငါရေးသည်သာ အမှန်ဖြစ်သည်။ သူရေးသမျှ အမှား။ ငါသာ သိသည်။ သူ မတတ်" ဟု သဘောထားပြီး သူတစ်ပါးကို ချုပ်ချယ်လိုပါလျှင် ဒီမိုကရေစီသဘောနှင့် ဆန့်ကျင်နေပေလိမ့်မည်။ သူများ၏ အမှားကိုကား အဆောင်တလျှင် ဖော်ပြလို၍ ကိုယ့်အမှားကို သူများက ပြခြင်းကို သည်းမခံနိုင်လျှင် ဒီမိုကရေစီ နိုင်ငံတစ်ခုတွင် စာရေးဆရာ၊ အယ်ဒီတာမလုပ်သင့်။

အစိုးရ၏ အပြစ်၊ နိုင်ငံခေါင်းဆောင် အသီးသီး၏ အပြစ်စသည်တို့ကို ဖော်ပြရာ၌လည်း သူ့နေရာနှင့်သူ အချိန်ကာလအားလျော်စွာ မယုတ်မလွန် တရားသဖြင့် ဖော်ပြရပေလိမ့်မည်။ နိုင်ငံ၏ အကျိုး၊ အများ၏အကျိုးကို ဘယ်တော့မှ မမေ့သင့်။ နိုင်ငံကိစ္စ အဝဝ၊ ရပ်ရွာကိစ္စ အဝဝတွင် အမှန်ကို ပထမသိအောင် ကြိုးစားပြီးမှ ထင်မြင်ချက်ပေးသင့်၏။ အပြစ်တင်စေလျှင် အကျိုးမရှိ၊ နိုင်ငံအပေါ်တွင် ဆရာလုပ်လိုသော စာရေးဆရာ၊ အယ်ဒီတာများသည် နိုင်ငံထက် ပိုမိုသိအောင်၊ တတ်အောင် ကြိုးစားအားထုတ်ရမည်။ ဆရာလုပ်နိုင်လောက်အောင် အရည်အချင်းနှင့် ပြည့်စုံအောင် ကြိုးစားကြရမည်။ သတင်းထောက်များကလည်း အကျိုးရှိမည်မှန်သော သတင်းများကိုသာ ပေးကြရမည်။ ရေးရာသားရာ၌လည်း ဒေါသမဖက်၊ ကိလေသာမစွက်ဘဲ၊ သန့်သန့်ရှင်းရှင်း ရေးသားဖော်ပြနိုင်ကြရမည်။ သို့မှ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တွင် စာရေးဆရာ၊ အယ်ဒီတာများ၏ အဆင့်အတန်းသည် မြင့်ရာ ရောက်မည်။ သို့မှ နိုင်ငံ၏ အဆင့်အတန်းလည်း မြင့်မည်။

"ကလောင်သည် ဓားထက်ပင် တန်ခိုးရှိသည်" ဟု အင်္ဂလိပ် စကားပုံတစ်ခုက ဆို၏။ ဤအတိုင်းမှန်လျှင် ကလောင်ကိုင်သူတို့ သည် မိမိတို့၏ တာဝန်ကို မိမိတို့ အထူးသိရပေမည်။ ကလောင် ထက်တိုင်း ကောင်းသည်မဟုတ်။ ထက်သောကလောင်ကို တရား သဖြင့် အသုံးချမှ နိုင်ငံတွင် အကျိုးရှိ၏။ အတိုင်းအတာသဘောမရှိ ဘဲ အရမ်းကာရော ကလောင်ထက်လျှင် ဒီမိုကရေစီ ပျက်လိမ့်မည်။ အများ၏ အကျိုးကို ကြည့်၍ အထက်တန်းစား ကလောင်ထက်မှ ဒီမိုကရေစီ တက်လိမ့်မည်။

## လွတ်လပ်စွာ ပြုလုပ်ခွင့်

ဒီမိုကရေစီသည် အကြောက်တရားပေါ်မှာ အခြေပြုသည် မဟုတ်။ အသိတရားပေါ်မှာ အခြေပြု၏။ ထို့ကြောင့် နိုင်ငံတွင် အများကို အသိတရားနည်းအောင် ချုပ်ချယ်လိုသူ မှန်သမျှသည် ဒီမိုကရေစီ၏ ရန်သူများ ဖြစ်ကြ၏။ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် လူ တစ်ယောက်သည် လွတ်လပ်စွာ ပြောဆိုခွင့်ရေးသားခွင့်ကိုသာ ရရှိ ရမည် မဟုတ်။ လွတ်လပ်စွာ သွားလာနေထိုင်လုပ်ကိုင်ခွင့်တို့လည်း ရရှိရပေလိမ့်မည်။ လူတစ်ဦးတစ်ယောက်ကို အကြောင်းမဲ့ အလွယ်တကူ ဖမ်းဆီးမှု၊ အကျဉ်းထားမှု၊ ချုပ်ချယ်မှုဟူ၍ ဘယ်အခါမှ မရှိစေရ လူတစ်ယောက်ကို အကြောင်းမပြဘဲ ဖမ်းဆီးချင်သလို ဖမ်းဆီးခြင်း ရက် လ အပိုင်းအခြားမရှိ ချုပ်နှောင်ထားခြင်း၊ ညှင်းဆဲခြင်း ပြန်လှန် ပြောဆို ဖြေရှင်းခြင်းမရှိစေဘဲ တဘက်သတ် စီရင်ချက်ချခြင်း စစ် ဆေးဘဲ အပြစ်ပေးခြင်း၊ အယူခံမရှိစေဘဲ တစ်ချက်လွှတ်အမိန့် ထုတ်ပြန်ခြင်း စသည်တို့သည် ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ဘယ်သော အခါမှ ဖြစ်ပေါ်အပ်သော ကိစ္စများမဟုတ်ပေ။

တနုဒီ တအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီသဘောသည် အများမိုးခါးရေသောက်တိုင်း လိုက်၍သောက်ပြီး လူများလုပ်သလို အမြဲလိုက်၍ လုပ်နေရမည်ဟု မဆိုလို။ မည်သူမဆို မိမိသဘောအတိုင်း လွတ်လပ်စွာ သွားလာနေထိုင်လုပ်ကိုင်နိုင်ခွင့် ရှိစေရမည်။ ဥပဒေကို မကျူးလွန်သမျှ၊ သူများ၏ လွတ်လပ်ရေးကို မဖျက်ဆီးသမျှ၊ မည်သူမဆို မိမိလုပ်လိုရာ ထင်သလိုလုပ်နိုင်ခွင့် ရှိစေရမည်။ ဥပဒေဆိုသည်မှာလည်း ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ပြုလုပ်ရသော ဥပဒေသည် အခြားနိုင်ငံများတွင် ပြုလုပ်လေ့ရှိသော ဥပဒေမျိုး မဟုတ်စေရ။ လူတိုင်းလူတိုင်း၏ လွတ်လပ်ရေးကိုလိုက်၍ ဖျက်ဆီးနေသော ဥပဒေမျိုးမဟုတ်ဘဲ လူတိုင်းလူတိုင်း၏ လွတ်လပ်ရေးကို မပျက်ဆီးအောင် ကာကွယ်ပေးသော ဥပဒေမျိုး ဖြစ်စေရမည်။

အကြောင်းကိစ္စတစ်ခုခုနှင့် ပတ်သက်၍ အများက မကျေနပ်ကြောင်းပြရန် အခွင့်အရေး ရရှိဖို့လို၏။ ဒီမိုကရေစီနိုင်ငံများတွင် အစည်းအဝေးကြီးများ ကျင်းပခြင်း၊ စီတန်းလမ်းလျှောက်ခြင်းအမှုတို့ကို ပြုလေ့ရှိကြ၏။ လူအများ၏ လွတ်လပ်ရေးမပိတ်ပင်ဘဲ တတ်အားသမျှ အားပေးရမည်ဟူသော ဒီမိုကရေစီစနစ်အတိုင်း၊ ဆိုင်ရာအစိုးရ၊ ဆိုင်ရာအုပ်ချုပ်သူတို့က အခွင့်ပြုလေ့ရှိ၏။ အခွင့်ပြုမှုလည်း ဒီမိုကရေစီစနစ်နှင့် ညီပေလိမ့်မည်။ အစည်းအဝေး ကျင်းပသူ၊ စီတန်းလမ်းလျှောက်သူများကလည်း ဒီမိုကရေစီ စိတ်ထားမျိုးကို ထားရန်မမေ့သင့်ပေ။ လူအင်အားကောင်းပြီး စိတ်အားထက်သန်လျှင် ဒီမိုကရေစီ သံမဏိရှည်လှစွာသော နိုင်ငံကြီးများ၌ပင် ဒီမိုကရေစီ စိတ်ထားကို ထားရန် မေ့တတ်လေသည်။





ကိုယ်လုပ်လိုသည်နှင့် သူများကိုလည်း မလုပ်ကောင်းလားဟု ရန်ထောင်ခြင်းသည်လည်း ဒီမိုကရေစီ သဘောအတိုင်းဆိုလျှင် နည်းလမ်းမကျ၊ လောကတွင် နိုင်ငံတစ်ခုအတွက် စစ်လောက် အရေးကြီးသော ကိစ္စသည် ဘယ်တော့မှ မရှိနိုင်။ ထို့ကြောင့်လည်း စစ်ဖြစ်လာသောအခါ ဒီမိုကရေစီနိုင်ငံများ၌ပင် အရှယ်ကောင်း၍ ကျန်းမာသန်စွမ်းသူတိုင်း စစ်မှု မထမ်းမနေရဟူသော ဥပဒေမျိုးကို ပြုလုပ်ကြရ၏။ ကြောက်တတ်သူ၊ မျိုးချစ်စိတ်မရှိသူ၊ ကိုယ်ကျိုးသာကြည့်တတ်သူတွေ အားလုံးကို တစ်ယောက်မှ ချမ်းသာမပေးဘဲ ဥပဒေနှင့် အတင်းအကြပ် စစ်တိုက်ခိုင်းလေ့ရှိကြ၏။ စစ်မည်သည်မှာ နိုင်ငံတိုင်းအတွက် ဤမျှအရေးကြီး၏။ သို့ပါလျက် လွန်ခဲ့သော ကမ္ဘာစစ်ကြီးအတွင်းတွင် ဒီမိုကရေစီ အစစ်အမှန်နိုင်ငံများ၌ စစ်ဖြစ်ခြင်း စစ်တိုက်ခြင်းသည် အဟုတ်အမှန် မကောင်း။ စစ်ဆိုလျှင် ဘယ်ဘက်က ဝင်တိုက်တိုက် မှား၏။ "ငါသည် အဖမ်းခံမည်၊ ထောင်ချခံမည်၊ အသတ်ခံမည်၊ စစ်ကိုကား မတိုက်" ဟု ပြင်းပြင်းထန်ထန် ယူဆကာ သဘောရိုးနှင့် စစ်မတိုက်ဟု ငြင်းဆိုသောသူများကိုမူ ချမ်းသာခွင့်ပေးခဲ့သေး၏။ ဤပုဂ္ဂိုလ်မျိုးကို ဟုတ်မဟုတ် မှန်မမှန် စစ်ဆေးရန်ပင် အထူးစစ်ဆေးရေးအဖွဲ့များ ခန့်ထား၍ ကျကျနန အလုပ်လုပ်ခဲ့၏။ ဤကား ဒီမိုကရေစီ အစစ်ပေတည်း။

လောက၌ လူမျိုးတိုင်း လူမျိုးတိုင်းအတွက် ပညာသည် အရေးအကြီးဆုံးကိစ္စဖြစ်၏။ ပညာမရှိဘဲ လူမျိုးတစ်မျိုးလုံး၏ အဆင့်အတန်းမှာ မမြင့်နိုင်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများ၌ [illegible]တိုင်း ပညာမသင်မနေရဟူသော ဥပဒေကို ပြုလုပ်ထား[illegible]။ အချို့



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ပညာသည် ဒီမိုကရေစီနိုင်ငံများအတွက် သာ၍ပင်လိုသေး၏။ လူအများ ပညာရှိမှ ဆင်ခြင်ဝေဖန်နိုင်ပြီး မဲကို မှန်မှန်အသုံးပြုနိုင်ပေလိမ့်မည်။ ပညာနည်းလျှင် မဲပေးပုံ ညံ့ဖျင်းပေလိမ့်မည်။ ပညာမဲ့လျှင် မဲပေးမှားလိမ့်မည်။ မဲသည် ပညာအပေါ်၌ တည်လျက်ရှိ၏။ ပညာသည် ဤမျှအရေးကြီး၏။ ထို့ကြောင့် ယဉ်ကျေးခေတ်မီသော နိုင်ငံတိုင်းတွင် ကလေးတိုင်း ပညာမသင်မနေရဟု ဥပဒေပြုလုပ်ထားရ၏။ သို့သော် ဒီမိုကရေစီနိုင်ငံများတွင် ကျောင်းမျိုးစုံဖွင့်ရန် အခွင့်ပြု၏။ ပညာသင်နည်း အမျိုးမျိုးကို နှစ်သက်ရာ အသုံးပြုရန်၊ စမ်းသပ်ကြည့်ရန် အခွင့်ပြု၏။ အကြောင်းတစ်ခုခုကြောင့် ကျောင်းပို့ရန် အဆင်မသင့်သဖြင့် ကလေးတစ်ယောက်ကို အိမ်၌ပင် ပညာပေးလိုပါကလည်း ဆရာကောင်း ဆရာမ ကောင်းနှင့် အချိန်မှန်မှန် အိမ်တွင် ပညာပေးပုံ ကျေနပ်ဖွယ်ရှိလျှင် အကြောင်းပြလုံလောက်လျှင် အခွင့်ပြုနိုင်သော နည်းလမ်းများရှိ၏။ ပညာအရေးကြီးသောကြောင့် ကလေးတိုင်း ကျောင်းနေရမည်ဟု အတင်းအကြပ် ဥပဒေနှင့် ပညာပေးရသော်လည်း ဒီမိုကရေစီနိုင်ငံများတွင် ဤနည်းအားဖြင့် လူ၏ လွတ်လပ်ရေးကိုလည်း တတ်အားသမျှ ရှိသေလိုက်လျောလေ့ရှိကြ၏။ ဤသည်လည်း ဒီမိုကရေစီသဘောအတိုင်းပင်။

ဒီမိုကရေစီနိုင်ငံများတွင် ကာတွန်းဆရာ၊ ပန်းချီဆရာ၊ ရုပ်ရှင်လုပ်ငန်းလုပ်သူ၊ ရေဒီယိုအသံလွှင့်သူ၊ သဘင်သည်၊ ရုပ်သေးထောင်သူ စသည်တို့ကို ချုပ်ချယ်လေ့မရှိ။ ဥပဒေနှင့် ညီညွတ်စွာ မိမိတို့ စိတ်ရှိတိုင်းထွင်၍ မိမိတို့အလုပ်ကို လုပ်သွားနိုင်ကြ၏။ လူရှင်တော်များပင်လျှင် လူတွေ တဝါးဝါးနှင့် ရယ်မောနေကြရအောင်





လွတ်လွတ်လပ်လပ်ကြီး ထင်သလို ပြတ်လုံးထုတ်နိုင်ကြ၏။ ဒီမိုကရေစီ၏ဆန္ဒမှာ လူတိုင်းလူတိုင်းကို တတ်အားသမျှ လွတ်လပ်ရေးပေး၍ ပျော်ပျော်ပါးပါး သွားလာနေထိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြရန် ဖြစ်၏။ လူတိုင်းလူတိုင်း၏ လွတ်လပ်ရေးကို အသေးအဖွဲကစ၍ နေရာတိုင်းတွင်လိုက်၍ ကပ်ဖဲ့လုပ်ပြီး စိတ်ညစ်ညူးအောင် ဖျက်ဆီးနှောင့်ယှက်နေရန်မဟုတ်။ သို့ရာတွင် အများနှင့်ဆက်သွယ်သော ဤကာတွန်းဆရာ၊ ပန်းချီဆရာအစရှိသော ဤပုဂ္ဂိုလ်အသီးသီးတို့ကလည်း ဒီမိုကရေစီစိတ်ထား ထားကာ မိမိတို့၏ ကြီးလှစွာသော တာဝန်ကို မိမိတို့ သိရမည်။ အများအကျိုးယုတ်မည့် ဖွယ်ရာသော အလုပ်မျိုးကို ဘယ်တော့မှ မပြုလုပ်ရ။ အများ၏အကျိုးကိုသာ မျှော်ကိုး၍ အရာရာတွင် အထက်တန်းကျကျ ဆောင်ရွက်ရပေလိမ့်မည်။ အမှန်ဆိုသော် ဤပုဂ္ဂိုလ်များသာ မဟုတ်။ နိုင်ငံတွင် ရှိသမျှလူတိုင်းသည် မိမိတို့၏ လွတ်လပ်ရေးကို အလွဲသုံးစားမပြုဘဲ နေရာတိုင်းတွင် အများ၏ အကျိုးကိုကိုင်ပြီး သွားလာနေထိုင်လုပ်ကိုင်တတ်ကြရန် အရေးကြီးလှပေသည်။ အစိုးရနှင့် ဥပဒေက မိမိကို မချုပ်ချယ်လျှင်၊ အများကဝိုင်း၍ မိမိကိုမချုပ်ချယ်လျှင် မိမိကိုယ်ကို မိမိက ချုပ်ချယ်သင့်သလောက် ချုပ်ချယ်ရပေမည်။ သို့မှ လူတိုင်းလူတိုင်း၏ လွတ်လပ်မှုသည် အရှည်သဖြင့် လုံခြုံပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒီမိုကရေစီ၏ အရသာ

ဒီမိုကရေစီစစ်လျှင် လူတစ်ယောက်ကို စာပစ်ပြီး ရန်ရှာ၍လည်းမရ၊ ဂုံးချောပြီး အပြစ်ရှာ၍လည်း အကျိုးမရှိ။ စာပစ်တိုင်း၊ ဂုံးချောတိုင်း မယုံ။ ယုံတိုင်းလည်း အရမ်း မဖမ်းနိုင်။ ဖမ်းလျှင်လည်း လိုက်၍ မေးနိုင် မြန်းနိုင် စုံစမ်းနိုင်၏။ လိုက်၍ မေးသူ မြန်းသူ စုံစမ်းသူကိုလည်း ထပ်၍မဖမ်း၊ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ၊ အရမ်းချုပ်နှောင်၍ ဘယ်သူ့ကိုမှ မထား။ အရမ်းမညှင်း၊ စစ်ဆေးပြီး အပြစ်ထင်ရှားမှ အပြစ်ပေး။ အဆင့်ဆင့်အယူခံနိုင်ခွင့်လည်းရှိ။ မတရားလွန်းလျှင် သတင်းစာကလည်း ဟစ်နိုင်၏။ အစည်းအဝေးခေါ်၍လည်း ကန့်ကွက်နိုင်၏။ ဒီမိုကရေစီ၏ အရသာကား ထူးလှပေ၏။ လူတိုင်း စိတ်ချမ်းသာစွာ နေထိုင်နိုင်၏။

ဒီမိုကရေစီစစ်လျှင် လူတိုင်းတော်လျှင် တတ်နိုင်၏။ ကြီးပွားနိုင်၏။ ဉာဏ်နှင့် ဝီရိယကို ကောင်းစွာ အသုံးချခွင့်ရှိ၏။ အယုတ်၊ အလတ်၊ အမြတ်မရွေး လူတိုင်း၌ တက်လမ်းရှိ၏။ ထင်းခွေ၊ ရေခပ်





ဘဝကလည်း သမ္မတဘဝသို့ ရောက်နိုင်၏။ ဂိုဒေါင်စောင့်၊ စာရေးဘဝကလည်း နန်းရင်းဝန် ဖြစ်နိုင်၏။ ဘိုင်စကယ်ပြင်ဆရာကလည်း လယ်မင်းကြီးဖြစ်နိုင်၏။ မည်သူမျှ အားငယ်ရန်မရှိ။ ကြိုးစားလျှင် ကြိုးစားသလိုဖြစ်နိုင်၏။ ကြိုးစားသမျှ ကြိုးစားကျိုး ခံစားရ၏။ ဒီမိုကရေစီ၏ အရသာကား ထူးလှပေ၏။ ရေတ်ကျည်မွေ့တိုင်း အတက်ပေါက်နိုင်သေး၏။

ဒီမိုကရေစီစစ်လျှင် အရာရာတွင် မကျေနပ်လျှင် အောင့်နေစရာ အကြိတ်နေစရာမလို။ ဝမ်းထဲက ယားကျိုယားကျိုလည်း ဖြစ်နေရန်လည်းမလို၊ ဟစ်စရာ ဟစ်တိုင်တိုင်တွေ အများကြီးရှိ၏။ ဆိုင်ရာသို့ တိုက်ရိုက်တိုင်ကြားနိုင်၏။ သတင်းစာထဲက ရေးနိုင်၏။ စာရွက်စာတမ်း စာအုပ် ရေးသားထုတ်ဝေနိုင်၏။ စင်မြင့်ပေါ်က အော်နိုင်၏။ အသံလွှင့်ရုံက အသံလွှင့်နိုင်၏။ မိမိကိုယ်တိုင်ထ၍ ပြုပြင်လိုကလည်း ပြုပြင်နိုင်၏။ လူစုနိုင်၏။ စည်းဝေးဆွေးနွေးနိုင်၏။ အသင်းအပင်းအသစ်များ တည်ထောင်နိုင်၏။ ဝါဒအသစ်တစ်ခု တည်ထွင်နိုင်၏။ တရားထူးတရားဆန်းများ ဟောပြောနိုင်၏။ ကမ္ဘာ့ဓာတ်ခုံကြီးတွင် ကိုယ့်တီးလုံးနှင့်ကိုယ် ထွက်၍ ကလိုက ကနိုင်၏။ ဒီမိုကရေစီ၏ အရသာကား ထူးလှပေ၏။ သံကုန်ဟစ်၍ ဖွင့်ချနိုင်၏။

ဒီမိုကရေစီစစ်လျှင် ဤအရသာ အမျိုးမျိုးကို ခံစားရမည်မှန်၏။ သို့သော် ဒီမိုကရေစီအစစ် ဖြစ်ရန်ကား မလွယ်။ ဒီမိုကရေစီအစစ်ဖြစ်ရန်မှာ နိုင်ငံတွင် အစိုးရလုပ်သူများ အပေါ်၌လည်း တည်လျက်ရှိ၏။ နိုင်ငံသူ နိုင်ငံသားအပေါင်းတို့၏ အပေါ်၌လည်း တည်လျက်ရှိ၏။ တစ်ယောက်စီ တစ်ယောက်စီ ဒီမိုကရေစီစိတ်ထားတို့ ထားနိုင်

ပါမှ ဒီမိုကရေစီအစစ် ဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီစိတ်ထားကို ထားတတ်ရန်မှာ ပညာလို၏။ ပညာအဆင့်အတန်း ညံ့ဖျင်းသော နိုင်ငံတွင် ဒီမိုကရေစီအစစ် မရှိနိုင်။ ဒီမိုကရေစီအတုသာ ရှိနိုင်၏။ ဒီမိုကရေစီအတုသည် အလွန်ကြောက်စရာကောင်း၏။ ယုံတမ်းဒီမိုကရေစီမျိုးသည် ကလေးများစို့သော နို့ပုံနှင့်အလွန်တူ၏။ ကလေးသည် နို့ပုံကို မိခင်၏နို့နှင့် အတူတူဟုအောက်မေ့ကာ ကျေကျေနပ်နပ်ကြီး လက်ခံ၍ စို့ရှာ၏။ သို့သော် နို့ပုံသည် ကလေး၏ ဝမ်းကို ဝစေနိုင်သည်မဟုတ်။ ကလေးကို အဆီအသားဖြစ်စေနိုင်ဖို့ ဝေးစွ၊ ကလေး၏ သွားနှင့် သွားဖုံးကို ထိခိုက်စေ၍ ချေးညှော်အမျိုးမျိုး ဖုံအမျိုးမျိုး ဖုတ်အမျိုးမျိုး ပိုးမွှားအမျိုးမျိုးပင် ကလေးဝမ်းထဲသို့ ဝင်စေ၍ ကလေးကို **အများကြီး** အကျိုးယုတ်စေနိုင်သေး၏။

ဒီမိုကရေစီသည် မီးနှင့်တူ၏။ ပညာသည် မီးကို ကာထားသော ပြောင်းနှင့်တူသည်။ မီးသည် အလင်းရောင်ကို ပေးသဖြင့် အလွန်အသုံးကျသည် မှန်၏။ သို့သော် မီးပြောင်းမပါဘဲ မီးကို ဗလာအသုံးပြုလျှင် အလွန်စိုးရိမ်စရာကောင်း၏။ လူရော ပစ္စည်းရော လောင်၍ ကုန်ဆုံးစေတတ်၏။ တစ်နည်းအားဖြင့် ဆိုပြန်သော် ဒီမိုကရေစီသည် ရေနှင့်တူ၏။ ပညာသည် တာရိုးနှင့်တူ၏။ ရေသည် လူ့အတွက် များစွာအသုံးဝင်သည် မှန်၏။ သို့သော် တာရိုးမရှိ၍ ရေလျှံလာသော် လူရောပစ္စည်းရော ရေလွှမ်း၍ နစ်မွန်းစေနိုင်၏။ ထို့ကြောင့် နိုင်ငံတစ်ခုတွင် ဒီမိုကရေစီအစစ်ကို အလိုရှိလျှင် ၎င်းနိုင်ငံရှိ တစ်ယောက်မကျန် လူတိုင်းလူတိုင်း၏ ပညာအဆင့်အတန်းကို မြှင့်တင်ပေးရပေမည်။ မြို့တိုင်းမြို့တိုင်းတွင် ကျောင်းကောင်းများ





ရှိစေရမည်။ ကလေးတိုင်း ကလေးတိုင်း **ချော့ခါနေခဲ့ရမည်**။ ကျောင်းများတွင် ဆရာ ကောင်း ဆရာမ ကောင်းများက ကလေးများကို အကျင့်ကောင်းအောင် အသိတရားပွားများအောင်၊ စဉ်းစားဆင်ခြင်တတ်အောင်၊ ဆဖန်တတ်အောင် သင်ပေး**ကြရမည်**။ တစ်နည်းအားဖြင့် ဆိုသော် ကျောင်းတိုင်း ကျောင်းတိုင်းတွင် **ကလေးများ**ကို ဒီမိုကရေစီစိတ်ထား အစစ်အမှန်ထားတတ်အောင် **နေ့ရှိသရွေ့ သင်ကြား**ပေးကြရမည်ပင် ဖြစ်ပေသတည်း။ ။

**ဦးတင့်ဆွေ**

www.burmeseclassic.com

## စာနဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

၁။ မမွှဘေရီ အရှင်ဝီရိယ | တောင်စွန်း |
မဟာသွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း

၂။ စိုးဦး | ဒဿန |
အနုပညာအာရုံခံစားမှုနှင့် အနုပညာ ဝေဖန်ရေး ဒဿန

၃။ ရဝေထွန်း | ဘဒ္ဒန္တတိလောကသာရ |
အနာဂတ်ကာလမပွင့်သေးသော ဘုရားများအား
ရှိခိုးသင့်၊ မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ

၄။ ဦးထွန်းဖေ | ဝန်ကြီးဟောင်း |
နန်းတွင်းပျောက်စေဆရာကြီး ရပ်စပြူတင်

## ယခုထွက်ရှိသော စာအုပ်

၅။ သံအမတ်ကြီး ဦးတင့်ဆွေ
ဒီမိုကရေစီစိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်ဆွေ

(သီဟိုဠ်နိုင်ငံဆို[illegible] မြန်မာသံအမတ်ကြီး)

[ ၁၉၀၆ - ၁၉၅၃

[illegible]

... တစ်ယောက်စီ တစ်ယောက်စီ
ဒီမိုကရေစီစိတ်ထားကို ထားနိုင်ပါမှ
ဒီမိုကရေစီ အစစ် ဖြစ်ပေလိမ့်မည်။
ဒီမိုကရေစီစိတ်ထားကို
ထားတတ်ရန်မှာ ပညာ လို၏။
ပညာ အဆင့်အတန်း
ညံ့ဖျင်းသော နိုင်ငံတွင်
ဒီမိုကရေစီ အစစ် မရှိနိုင် ...

သံအမတ်ကြီး

# ဦးတင့်ဆွေ

# ဒီမိုကရေစီ စိတ်ထ



www.burmeseclassic.com